
အောင်မြေသာစည်စာစဉ်(၂)

# ရခိုင့်တစ်ဆယ့်နှစ်လရာသီ

ကာဗျာများ

## ဒွါရာဝတီ အရှင်ကုသလ
(ငွေသဇင်)



ပေါစွန်းအောင်

အောင်မြေသာစည်စာစဉ် (၂)

# ရခိုင့်တစ်ဆယ့်နှစ်လရာသီကဗျာများ


ဒွါရာဝတီအရှင်ကုသလ
(ငွေသဇင်)

အောင်မြေသာစည်

ဒွါရာဝတီမြို့သစ်၊ သံတွဲမြို့
ရခိုင်ပြည်နယ်။

## ရှိုင်းတစ်ဆယ့်နှစ်လရာသီကဗျာများ

- **စာအုပ်စာတမ်းစာနယ်ဇင်း**
  **ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်**
  [ ၄၃/၂၀၀၄ (၇) ]
- **စာအုပ်စာတမ်းမျက်နှာဖုံး**
  **ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်**
  [ ၄၃/၂၀၀၄ (၉) ]
- **မျက်နှာဖုံးဒီဇိုင်း**
  နေဝင်းအောင်
- **အတွင်းသရုပ်ဖော်**
  သန်းမြင့်အောင်၊ ဖေစိုးအောင်၊ ဝလုံး၊ ညီပုချေ။
- ပထမအကြိမ်၊ အောင်မြေသာစည်စာပေ၊
  နိုဝင်ဘာ၊ ၂၀၀၄ခုနှစ်။
  အုပ်ရေ ( ၅၀၀ )
- **စီစဉ်သူ**
  ဆောင်းဖြူ (ကျောက်ပန်းခက်စာပေ)
- ဦးသန်းဆွေ (၀၁၄၇၃) စစ်သည်တော်စာပေ
  အမှတ်(၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ (၁၉)ရပ်ကွက်၊
  ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့မှထုတ်ဝေ၍
  ဦးကျော်ယဉ် (၂၉၅၂) ဓမ္မမော်ပုံနှိပ်တိုက်
  အမှတ်(၁၂၁)၊ ၃၈ လမ်း၊ ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့်
  အတွင်းစာသားများကို ပုံနှိပ်သည်။
- **တန်ဖိုး ( ၅၀၀ )ကျပ်**



ဒွါရာဝတီအရှင်ကုသလ(ငွေသဇင်)

# မာတိကာ


- စကားလက်ဆောင်မိတ်ဆက်စာတမ်း — က
- ရခိုင့်တစ်ဆယ့်နှစ်လရာသီအဖွင့်နိဒါန်း — ဓ

- <u>အခန်းတစ်။ ရခိုင့်တစ်ဆယ့်နှစ်လရာသီလင်္ကာ</u>
- နိဒါန်း — ၃
၁။ မိဿရာသီ၊ တာကူးလဘွဲ့ — ၄
၂။ ပြိဿရာသီ၊ ကဆုန်လဘွဲ့ — ၅
၃။ မေထုန်ရာသီ၊ နံယုန်လဘွဲ့ — ၆
၄။ ကရကဋ်ရာသီ၊ ဝါဆိုလဘွဲ့ — ၇
၅။ သိဟ်ရာသီ၊ ဝါခေါင်လဘွဲ့ — ၈
၆။ ကန်ရာသီ၊ တော်သလင်းလဘွဲ့ — ၉
၇။ တူရာသီ၊ ဝါကျွတ်လဘွဲ့ — ၁၀
၈။ ဗြိစ္ဆာရာသီ၊ တန်ဆောင်မုန်းလဘွဲ့ — ၁၁
၉။ ဓနုရာသီ၊ နတ်တော်လဘွဲ့ — ၁၂
၁၀။ မကရရာသီ၊ ပြာသိုလဘွဲ့ — ၁၃
၁၁။ ကုံရာသီ၊ တပို့တွဲလဘွဲ့ — ၁၄
၁၂။ မိန်ရာသီ၊ တပေါင်းလဘွဲ့ — ၁၅
- နိဂုံး — ၁၆

- <u>အခန်းနှစ်။ ရခိုင့်တစ်ဆယ့်နှစ်လရာသီတွဲ့ရှိုး</u>
- နိဒါန်း — ၂၁
၁။ တာကူးလဘွဲ့ — ၂၂
၂။ ကဆုန်လဘွဲ့ — ၂၃
၃။ နံယုန်လဘွဲ့ — ၂၄
၄။ ဝါဆိုလဘွဲ့ — ၂၅
၅။ ဝါခေါင်လဘွဲ့ — ၂၆
၆။ တော်သလင်းလဘွဲ့ — ၂၇

၇။ ဝါကျွတ်လဘွဲ့ ၂၈
၈။ တန်ဆောင်မုန်းလဘွဲ့ ၂၉
၉။ နတ်တော်လဘွဲ့ ၃၀
၁၀။ ပြာသိုလဘွဲ့ ၃၁
၁၁။ တပို့တွဲလဘွဲ့ ၃၂
၁၂။ တပေါင်းလဘွဲ့ ၃၃
– နိဂုံး ၃၄

**အခန်းသုံး။ ရခိုင့်တစ်ဆယ့်နှစ်လရာသီနောက်ဆက်တွဲ**

– ရခိုင့်တစ်ဆယ့်နှစ်လရာသီ မှတ်ဖွယ်ဇယား
၁။ ရခိုင့်တစ်ဆယ့်နှစ်လရာသီ ပန်းပန်းချီ ၃၇
၂။ နွေအလှ ၃၈
၃။ မိုးအလှ ၃၉
၄။ ဆောင်းအလှ ၄၀
၅။ လောင်းလှီပွဲ ၄၁
၆။ ရှေးခေတ်ရခိုင်မြင်းခင်းသဘင် ၄၂
၇။ ပေါက်ပန်းပွင့်ချိန် ၄၃
၈။ ပေါက်လဲငုံစီဖူးတံချို ၄၆
၉။ မိန်ရာသီလတပေါင်း ၄၇
၁၀။ ရခိုင်ရိုးရာသင်္ကြန်ပွဲ ၄၈
၁၁။ နွေဓလေ့ ၄၉
၁၂။ အရဏ်တက်ချိန်လက်ာ ၅၀
၁၃။ နေထွက်ချိန်လက်ာ ၅၁
၁၄။ နေဝင်ချိန်လက်ာ ၅၂
– ဒွါရာဝတီအရှင်ကုသလ(ငွေသဇင်)၏ထေရုပ္ပတ္တိအကျဉ်း ၅၃
– ဖော်ပြပါရှိဖူးသော မဂ္ဂဇင်း၊ စာစောင်များ ၅၄

# ရန်ကုန်မြို့၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မဟာနာယက ဘဒ္ဒန္တဉာဏမဉ္ဇူ (အဂ္ဂမဟာပဏ္ဍိတ)၏

## " စကားလက်ဆောင်၊ မိတ်ဆက်စာတမ်း "

ဒွါရာဝတီ–အရှင်ကုသလ (ငွေသဖင်) ထံမှ မကြာမီက ရောက်ရှိလာသည့် "ရခိုင့်တစ်ဆယ့်နှစ်လရာသီ" ကဗျာ ကော်ပီစာအုပ်ကို လက်ခံရရှိခဲ့ပါသည်။ ကဗျာအရသာအမျိုးမျိုးကိုလည်း မြည်းစမ်းခွင့် ရရှိခဲ့ပါသည်။

ရှင်းရှင်းဆိုရပါလျှင် တစ်ထိုင်တည်းမှာပင် ရခိုင်ပြည်၏ တစ်ဆယ့်နှစ်လရာသီ မြင်ကွင်းများကို စာရှုသူ၏စိတ်အာရုံတွင် တဖွားဖွား ကွင်းခနဲ၊ ကွင်းခနဲ ထင်မြင်လာမိခဲ့ရပါတော့သည်။

စာရှုသူကို ရခိုင့်တစ်ဆယ့်နှစ်လရာသီ ပန်းရနံ့တို့ဖြင့် စိတ်အာရုံ (မနောဒွါရ)တွင် ထုံမွှမ်းစေခဲ့ပါသည်။ ငယ်ရွယ်စဉ်က တစ်ဆယ့်နှစ်လရာသီပွဲတော်များ ဆင်နွှဲခဲ့ရပုံကိုလည်း စိတ်အာရုံတွင် အသစ်တစ်ဖန် ပြန်လည် မြင်ယောင်ခဲ့ရပါတော့သည်။

မြောက်ဦးခေတ်က စာဆိုတော် အမတ်ကြီး ဥက္ကာပျံ၏ ရတုကိုလည်း သွားရောက်သတိရစေခဲ့ပါသည်။ ယင်းရတုကဗျာမှာ– "ကုံရာသီလွဲ၊ တပို့တွဲသည်– လွမ်းဖွယ်ပင်၊ ပျော်ရွှင်လူ့ရပ်မြေ၊ ရထားသဘင်၊ နှစ်စဉ်ငင်သည်၊ သောင်းခွင်ဤလူ့ပြည်ထက်၊" ဟူ၍ ဖြစ်ပါသည်။ ယင်းတပို့တွဲလရာသီဘွဲ့ကဗျာကို ဖတ်ရှုရသည့်အခါ ယခုမျက်မှောက်မှာပင် ရထားပွဲသဘင်ကို ကိုယ်တိုင်ဆင်နွှဲနေရသလို တစ်ဖက်နှင့်တစ်ဖက် ရထားဆွဲသူများ ကိုယ်ရည်သွေးကာ–

# (၈)

" ရထားပွဲ ရထားပွဲ
တိုင်းလုံးကျော်တဲ့ ရထားပွဲ။
ရထားပွဲ ဆင်နွဲလာ
မောင်တို့ဘက်ကသာ။
မယ်တို့ဘက်ကသာ။ ။" စသည်ဖြင့် သံချပ်ထိုးသံ

များ စိတ်မှာ အလိုလို ပေါ်လာပါတော့သည်။ ယခုပင်လျှင် ရထားကြီး ကိုယ့်ဘက်သို့ ပါလာတော့မလို စိတ်အာရုံတွင် တစ်မျိုးခံစား ခဲ့ရပါသည်။ အလင်္ကာနည်းအရဆိုရပါလျှင် (ကာမ) ရတိဌာယီဘာဝ+ (ကာမ) သိင်္ဂါရရသ ဖြစ်ပေါ်လာခြင်းပင်တည်း။ စာရေးသူကလောင်ရှင် ငွေသဖင် ၏ –

" ငွေနှင်းရည် ကြိုကာချ
ကြယ်မာဃ ထိန်ထိန်သာ
ထွန်းပသော်တာ။ ။" ဟူသော "တပို့တွဲလဘွဲ့ကဗျာ"

ပထမအချိုးပိုဒ်ကို ဖတ်ရှုလိုက်သည့်အခါ ရခိုင်ဒေသ တပို့တွဲလသည် ဆောင်းလေးလတွင် တတိယမြောက်ဖြစ်သည့်အတွက် ညဥ့်–နံနက်အချိန်မှာ နှင်းရည်များ ဘော်သာစွာငွေရည်များလို၊ ဖြူဖြူဖွေးဖွေးနေရာတိုင်းတွင် ကျရောက်နေသည်ကိုလည်းကောင်း၊ အဇ္ဈောပြင်မိုးကောင်းကင်မှာ မာဃနက္ခတ်နှင့် သော်တာလမင်းတို့ တူယှဉ်ကာ ထွန်းတောက်ပနေကြသည်ကိုလည်းကောင်း စိတ်ထဲမှာ ထင်ယောင်လာမိပါတော့သည်။ ဒုတိယအချိုးပိုဒ်နှင့် တတိယအချိုးပိုဒ်ဖြစ်သည့်–

" ထူးလှတဲ့ ချိန်တာရာ
စိန်ပမာ မခြား။
ပေါက်,လဲရယ် ငုံစီစီနဲ့
ကုမ်ရာသီ တပို့တွဲမှာ
နွဲကြရထား။ ။" ဟူသော စာပိုဒ်များကို ဆက်ပြီး

ဖတ်ရှုရသည့်အခါ၌လည်း၊ ချိန်တာရာ (ချိန်ခွင်တာရာ)မှာ စိန်ရတနာတမျှ

ဖိုးလမင်းကို တန်ဆာဆင်ကာ၊ ထက်နဘံမှာ ထွန်းလင်း တောက်ပနေသည်ကိုလည်းကောင်း၊ ရာသီပန်းဖြစ်သော ပေါက်ပန်းနှင့် လဲပန်းတို့၏ အဖူးအငုံတို့မှာလည်း၊ မြိုင်တန်းတစ်လျှောက်မှာ ကမ္ဗလာနီ ခင်းထားသလို၊ ငွေပန်းများခင်းထားသလို၊ တစ်နည်းတစ်ဖုံ စိတ်အာရုံကို ဆွဲဆောင်နေသည်ကိုလည်းကောင်း၊ ရခိုင်သူ–ရခိုင်သားများ တပျော်တပါး စုရုံးကာ၊ ရထားပွဲသဘင် ဆင်နွှဲနေကြသည်ကိုလည်းကောင်း၊ စိတ်အာရုံတွင် ထင်မြင်ကာ ပျော်ရွှင်မှုအရသာကို ခံစားခဲ့ရပါတော့သည်။ တစ်နည်းဆိုရပါလျှင် ကဗျာ၏အရသာကို စာဖတ်သူအနေဖြင့် စာကိုဖတ်ရင်း ခံစားနေရခြင်းဖြစ်ပါသည်။

ထိုထိုကဗျာ ဗန္ဓများသည် တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းမိလှ၏။ ဖတ်ရှုကြားနာရသူတို့၏ စိတ်ကို ဖမ်းယူဆွဲဆောင်နိုင်စွမ်း သတ္တိထူးလည်း ရှိပါသည်။ အသိဉာဏ်ကြွယ်ဝမှုနှင့် ဗဟုသုတကိုလည်း တိုးပွားစေနိုင်ပါသည်။ ကဗျာရှင် စာဆိုသူအနေဖြင့်လည်း မိမိဆိုလိုရင်း အနက်အဓိပ္ပာယ်ကို ကလောင်စွမ်းဖြင့် ထင်လင်းစွာ ဖော်ပြနိုင်ခြင်းရှိပါသည်။

ဝေသာလီခေတ်က ရခိုင်ဘုရင်မဟာစန္ဒြမင်းသည် မြန်မာနိုင်ငံအထက်အညာဒေသဖြစ်သည့် "တကောင်းသင်းတွဲပြည်" သို့သွားရောက်ခဲ့၏။ ယခင်က သူ့မှာရှိနေခဲ့သော ခေါင်းခဲနာ (ဦးယဉ်နာ)+(ခေါင်းကိုက်ရောဂါဝေဒနာ)မှာလည်း တစ်စတစ်စ သက်သာလာပြီး လုံးဝပျောက်ကင်းသွားခဲ့၏။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကိုလည်း ကောင်းကောင်းကြီး ရရှိခဲ့ပါသည်။ နှစ်နှစ်ခြိုက်ခြိုက် ချမ်းသာစွာ အိပ်စက် (စက်တော်ခေါ်) နိုင်ခဲ့ပါသည်။ ထိုအခါစောင်းတီးသမားက–

"စန္ဒာဒေဝီ ၊ ခေါ်ညီတွင်ထား
နန်းရွှေတောင်မှာ ၊ မိဖုရားလေ။
အသျှင်မာလာ ၊ နန်းတောင်ညာက
စန္ဒာဒေဝီ ၊ ပျော်လို့နီရေ။ ။" စသည်ဖြင့်

ရှေးရခိုင်သာခြင်းစာသားကို သူ၏စောင်းဖြင့် သာယာချိုအေးစွာ တီးခတ်

သီဆိုပြလိုက်၏။ ထိုအခါ ဘုရင်မင်းမြတ်သည် စက်တော်ခေါ်ရာမှ နိုးထလာပြီးလျှင် ကဗျာဂီတသံစဉ်ကို ကြားနာရသည့်အတွက် ကိုယ့်နိုင်ငံကို လွမ်းဆွတ်တမ်းတ သတိရမိပါတော့သည်။ နေပြည်တော်ကို ပြန်ချင်စိတ် ဖြစ်ပေါ်လာတော့သည်။

ထို့ကြောင့် နေပြည်တော်ဝေသာလီသို့ ပြန်ကြွဖို့ရန် ချက်ချင်းပင်စီမံလေသည်ဟု ရခိုင်ရာဇဝင်တွင် ဆိုထားသည်ကို တွေ့ရှိရပါသည်။ ဤကား ကဗျာဗန္ဓ၏ ထူးခြားသည့် ဂုဏ်သတ္တိတစ်ခုပင်ဖြစ်ပါသည်။

ထို့ပြင်လည်း "ရောင်ခြည်နီပေါ်၊ ဆွမ်းချိန်လျှော်မှ၊ သူတော်အရောင်၊ ဝင်းဝင်းပြောင်သည့်၊ ညီအောင်ဖုံးလွှမ်း၊ ဝတ်သင်္ကန်းနှင့်၊ ရဟန်းအလိုက်၊ သပိတ်ပိုက်၍၊ ဇရိုက်ဇရာ၊ ညိုးမျက်နှာဖြင့်၊ ပြည်ရွာရပ်ခွင်၊ ဆွမ်းခံဝင်မူ၊ ကျွမ်းကျင်မပဟူ၊ မသိသူဟု၊ ပြည်သူရပ်သား၊ ကန်တော့များခဲ့၊ တစ်ပါးကိုယ်ချည်း၊ မျှရုံတည်းမျှ၊ မနည်းလုံ့လ၊ ကြိုးပမ်းရ၏၊ ဘဝရေးဟောင်း၊ ဤလူပေါင်းဟု၊ ဆုတောင်းဆုယူ၊ ရွှေဝသူနှင့်၊ အတူကြမ္မာ၊ ဆက်မပါ၍၊ မေတ္တာမသက်၊ ကြည့်မျက်ခွက်နှင့်၊ လွန်လျက်စိမ်းကား၊ ဖြစ်သလားဟု၊ တွေးများကြဲမှိုင်၊ မသိနိုင်ဘဲ၊ မခိုင်သဘော၊ စိတ်ဝမ်းမျှောခဲ့" စသည်ဖြင့် စာသင်သားဘဝက ရေးစပ်ခဲ့သော ကင်းဆရာတော်ကြီး ဦးဝရမထေရ်သူမြတ်၏ "ကျေးစေလင်္ကာ" ကို ဖတ်ရှုရသည့်အခါများမှာလည်း စာဆိုရှင်အား အလွန်ပင် ကရုဏာသက်ကာ သောကဒေါမနဿဘာဝ + ကရုဏာရသ စသော အလင်္ကာဂုဏ်များ စိတ်ထဲတွင် ပေါ်လွင်ထင်ရှားစွာ ဖြစ်ပေါ်ခဲ့ရပါသည်။

ထိုနည်းတူစွာပင် စာရှုသူများအနေဖြင့် ကဗျာဆရာ **စာဆိုငွေသဇင်**၏ ကဗျာများကို ဖတ်ရှုလေ့လာကြည့်ပါလျှင် သိင်္ဂါရရသ စသော ကဗျာရသအမျိုးမျိုးကို တွေ့ရှိခံစားနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤမျှဖြင့် ဤ "**စကားလက်ဆောင် မိတ်ဆက်စာတမ်း**"ကို လွန်ခဲ့သည့်နှစ်ပေါင်း (၅၀၀)နီးပါး၊ သက္ကရာဇ် ၉၆၉ ခုနှစ်က အင်းဝရွှေနန်းတော်

**အောင်မြေသာစည်**

တွင် မြောက်ဦးရွှေနန်းသခင် ဘုရင်မင်းရာဇာကြီး၏ ချစ်ကြည်ရေး သံတမန်ဖြစ်သော ပညာရှိအမတ်ကြီး ဉက္ကာပျံ ရေးသားဆက်သွင်းခဲ့သည့် အဖြည့်ရတု တတိယပိုဒ်ဖြင့် နိဂုံးအုပ်လိုက်ပါသည်။

"မရကြောင်းဆောင် ။ ။ ပန်းရှာအောင်လည်း၊ နောင်မှုကြံထွေ၊ စိတ်သာဝေမျှ၊ မြောက်သေနံစွန်၊ သရက္ခန်မွေး၊ လေသွေးပျံ့ကြူ၊ မဥ္စူနုံ့ရှင်း၊ ဖြည့်လေသွင်းက၊ အင်ကြင်းသန္ဓေ၊ သံသေဒ၊ ဂတ္တလည်းဟူ၊ လူပုဟုဆိုရေး၊ ဝေးကြီးဝေးခဲ့၊ မာန်သွေးရာဂီ၊ ဣရန္ဒီနတ်၊ ဉပပတ်လျှင်၊ ဟုတ်မောထင်၏၊ စုံအင်စုံဖက်၊ ချစ်ဖို့သက်သည်။ ဖြူရွက်ထွတ်လော ညှာဝတ်လော။ ။"

(ရခိုင်ရာဇဝင်-၃၊ နှာ-၁၆၀)

ဘဒ္ဒန္တဉာဏမဥ္ဇူ (အဂ္ဂမဟာပဏ္ဍိတ)
(ဂန္ထဝါဒီဆရာတော်)
မင်္ဂလာသုစပေါင်ဥ္စတက္ကသိုလ်
ရန်ကုန်မြို့။
၁၆-၁-၂၀၀၄။

(၈)

# ရခိုင့်တစ်ဆယ့်နှစ်လရာသီ အဖွင့်နိဒါန်း

ရခိုင်ပြည်တွင် တစ်ဆယ့်နှစ်လရာသီရှိ၏။ ရခိုင်ပြည်၏ တစ်ဆယ့်နှစ်လရာသီသည် ရခိုင်ပြည်နှင့်တွဲ၍ ပေါ်ပေါက်လာခဲ့၏။ စတင်ပေါ်ပေါက်လာချိန်ကို မည်သူ အတိအကျ ပြော၍ရနိုင်ပါမည်နည်း။

"ရခိုင့်တစ်ဆယ့်နှစ်လရာသီသမိုင်းကြောင်း"ကို သိချင်လျှင် "အတိတ်ကပုံရိပ်"ကို ကြည့်ကြရမည်ဖြစ်၏။ ပုံရိပ်ဟူသည်ကား ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုနောက်ခံသမိုင်းကြောင်းပင်တည်း။ ရခိုင်ပြည်နှင့် တစ်ဆက်တည်းပေါ်ပေါက်လာခဲ့ကြသော ရခိုင်လူမျိုးတို့၏ နောက်ခံသမိုင်းကြောင်းသည် အလွန်ရှည်လျားကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

ဘေဘီလုံနီးယန်းလူမျိုးတို့သည် နက္ခတ္တဗေဒဆိုင်ရာစာပေကို ဘီစီ-၁၀၀၀ လောက်က ရေးသားခဲ့ကြကြောင်း သိရှိရပါသည်။

ဂရိလူမျိုးတို့သည်လည်း ဘီစီ-၁၀၀ ကျော်လောက်က ဂြိုဟ်တို့၏ အသွားအလာ၊ နက္ခတ်ကြယ်တာရာတို့၏ ရွှေ့လျားပုံများကို သတိပြုမိခဲ့ကြသည်ဟု ဆို၏။

လူမျိုးတစ်မျိုးဖြစ်လာလျှင် ထိုလူမျိုး၌ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့သည် ရှိကြရ၏။ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့သည် ထိုလူမျိုးတို့၏ "အသက်သွေးကြော" ပင်တည်း။ ယင်းအသက်သွေးကြောတို့ အမြဲရှင်သန်နေမှ ထိုလူမျိုးတို့ အသက်ရှင်နေသည်နှင့် တူ၏။ လူမျိုးတစ်မျိုး၌ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ သေသွားမည်ဆိုလျှင် ထိုလူမျိုးတို့မှာလည်း သေသည်နှင့် မထူးတော့ချေ။ အသက်ရှင်နေသော်လည်း တန်ဖိုးမရှိ ဖြစ်တော့၏။

မြန်မာ့မြေပေါ်တွင် လူမျိုးနှင့်တကွ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ အကုန်လုံး ဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ကြသော ပျူလူမျိုးတို့၏ အဖြစ်ကို နမူနာထား၍ သင်ခန်းစာယူသင့်၏။

အောင်မြေသာစည်

ထို့ကြောင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ကို မသေအောင် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ ရေးသားပြုစုခြင်းတို့ကို အမြဲမပြတ်ပြုသင့်၏။ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်သွားသင့်၏။

မိမိလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ နိုင်နိုင်မာမာ မရပ်တည်နိုင်ပါလျှင် ရပ်တည်နေကြသော လူမျိုးများကို အထင်ကြီးစိတ်တွေ ဝင်လာတတ်၏။ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို အထင်အမြင်သေးလာတတ်၏။ ထိုအခါ "ဦးနှောက်ယိုစီးသောရောဂါ" စွဲကပ်လာတော့၏။ ထိုရောဂါစွဲကပ်သွားလျှင် မည်သည့်ဆေးဝါးနှင့်မျှ ကုသ၍ မရနိုင်တော့ချေ။

ရခိုင့်တစ်ဆယ့်နှစ်လရာသီကို ဓညဝတီခေတ်က အစပျိုးခဲ့ကြမည်ဖြစ်၏။ ဝေသာလီ (ရှေးဝေသာလီ)ခေတ် (ကုသမင်းသက္ကရာဇ် ၄၀၀၅ မှ ၅၉၉၅ ထိ)သို့ ရောက်လာသောအခါ ပို၍အားကောင်းလာစရာရှိ၏။ လူမျိုးတိုင်း လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများ အသီးသီးရှိကြ၏။ ထိုလူမျိုးနှင့်တွဲ၍ မင်းနှင့်အတူ မြို့ပြနိုင်ငံ ထူထောင်လာသည့်အခါ ယဉ်ကျေးမှုအဆောက်အအုံမှာလည်း မြင့်မားလာခဲ့ရတော့၏။ ဓညဝတီခေတ်နှင့် ဝေသာလီ (ရှေးဝေသာလီ)ခေတ်တို့သည်လည်း ရခိုင်လူမျိုးတို့၏ မြို့ပြနိုင်ငံတော်များ ဖြစ်ခဲ့ကြ၏။

ပထမဓညဝတီခေတ် (ဘီစီ– ၃၃၂၅ မှ ၁၅၀၇ ထိ)တွင်လည်းကောင်း၊ ဒုတိယဓညဝတီခေတ် (ဘီစီ– ၁၅၀၇ မှ ၅၈၀ ထိ)တွင်လည်းကောင်း တစ်ဆယ့်နှစ်လရာသီနှင့်တကွ လစဉ် ယဉ်ကျေးမှုပွဲတော်များ ထွန်းကားနေမည်မှာ ယုံမှားစရာမရှိပေ။ ယင်းအချိန်သည် 'ဗုဒ္ဓ'မပွင့်ပေါ်သေးသော ကာလဖြစ်သဖြင့် သာသနာရေးဆိုင်ရာ ဘာသာရေးပွဲများ မရှိနိုင်ပေ။ သို့သော် လောကီလူမှုရေးပွဲများမှာကား ထွန်းကားနေပြီဖြစ်ပါသည်။ အချို့အချို့သော လောကီပွဲများမှာ ဗုဒ္ဓသာသနာတော် ပွင့်ထွန်းပေါ်ပေါက်လာသည့်တိုင်အောင် မပျောက်မပျက်ဘဲ ဆက်လက်၍ တည်ရှိ

နေသည်ကို တွေ့ရှိနေကြရပါသည်။

တတိယဓညဝတီခေတ် (ဘီစီ- ၅၈၀ မှ အေဒီ ၃၂၆ ထိ)တွင် ရခိုင်လူမျိုးတို့သည် နှစ်၊ လ၊ ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲတော်၊ နေ့-ည-နာရီ၊ နေ့ရက် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပြီဖြစ်ပါသည်။ မှတ်တမ်းမှတ်ရာအနေဖြင့်လည်း ခိုင်ခိုင်မာမာ ရပ်တည်နေကြပြီဟု ဆိုနိုင်သည်။

တတိယဓညဝတီခေတ်တွင် တစ်ဆယ့်နှစ်လရာသီပွဲတော်များကို ယခင်က ကျင်းပလာခဲ့ကြသော လောကီလူမှုရေးပွဲများအပြင် သာသနာရေးဆိုင်ရာ ဘာသာရေးပွဲများလည်း အစားထိုးကျင်းပလာနိုင်ခဲ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ရခိုင်ပြည်သို့ မြတ်ဗုဒ္ဓသာသနာတော် ရောက်ရှိထွန်းကားနေပြီဖြစ်သောကြောင့်တည်း။

ဝေသာလီ ကျောက်လှေကားခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ) သည် ရခိုင်လူမျိုးတို့၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ အလွန်ထွန်းကားခဲ့သော ခေတ်တစ်ခေတ်ပင် ဖြစ်ပါသည်။ ၎င်းအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာလည်း အလွန်ခိုင်မာတောင့်တင်း ခဲ့ပါသည်။

ဝေသာလီ ကျောက်လှေကားခေတ်သည် လောကီရေးရာဘက်က သာ ထွန်းကားခဲ့သည်မဟုတ်၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ လောကုတ္တရာဘက်ကလည်း အလွန်စည်ပင် ထွန်းကားခဲ့ပါသည်။ ဝေသာလီမြို့တော်သည်ကား ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုထွန်းကားရာ မဟာဌာနကြီး ဖြစ်ခဲ့၏။

တစ်ဆယ့်နှစ်လရာသီ ယဉ်ကျေးမှုများအနေဖြင့်လည်း အလွန်အားရစရာကောင်းခဲ့ပါသည်။ ၎င်းနှင့်ပတ်သက်၍ ပစ္စည်းအထောက်အထားအနေဖြင့်မူ ဝေသာလီကျောက်လှေကားမြို့တော်မှ တူးဖော်ရရှိသော ရခိုင့်တစ်ဆယ့်နှစ်လရာသီပုံ ကျောက်ချပ်ပင်ဖြစ်ပါသည်။

စာပေအနေဖြင့်မူ အေဒီ-၆၀၁ တွင် စောနန္ဒီ ခေါ် သုဝဏ္ဏဒေဝီ

စောပြည့်ညို ရေးစပ်သီကုံးခဲ့သည့် "သိန်ကန်မိန်တွင် ချီရတုပိုဒ်စုံ"ပင် ဖြစ်ပါသည်။ အဆိုပါရတုမှာ ရခိုင်လူမျိုးတို့၏ စာပေမီးရှူးတန်ဆောင်လည်း ဖြစ်ပါသည်။ ယင်းရတုကို အမျိုးသားစာကြည့်တိုက်တွင် ပေမူအနေဖြင့် ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါသေးသည်။

ယင်းရတုကဗျာမှာ တစ်ဆယ့်နှစ်လရာသီသက်သက်ကိုသာ ဖွဲ့ဆိုထားသော ရတုကဗျာမဟုတ်သော်လည်း တစ်ဆယ့်နှစ်လရာသီနှင့် ဆက်စပ်နေသော အချက်အလက်များ ပါဝင်နေသည်ကို တွေ့ကြရမည် ဖြစ်ပါသည်။

လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃၀ ထိ)သည်လည်း တစ်ဆယ့်နှစ်လရာသီယဉ်ကျေးမှုများထွန်းကားနေသော ခေတ်တစ်ခေတ်ပင်ဖြစ်၏။

လေးမြို့ခေတ်၊ လောင်းကြက်မြို့ (အေဒီ ၁၂၅၀ မှ ၁၄၃၀ ထိ) အလောမာဖြူမင်းမှ ကိုးဆက်မြောက် ဘုရင်မင်းထီး၏ငယ်ဆရာ စာဆိုရှင် ဆရာတော် အရှင်အဂ္ဂသာရ (ရခိုင်သူမြတ်)၏ လောကသာရပျို့ပိုဒ်ရေ (၄၉)တွင်ပါရှိသော ဗြို့ဟတ်ကျမ်း၊ ရာဇမတ္တဏ်ကျမ်းဟူသည် တစ်ဆယ့်နှစ်လရာသီနှင့်ပတ်သက်၍ ပြဆိုထားသော ကျမ်းများဖြစ်ကြ၏။ သို့ဖြစ်၍ တစ်ဆယ့်နှစ်လရာသီ ယဉ်ကျေးမှုအမွေအနှစ်များသည် လေးမြို့ခေတ် တစ်ခေတ်လုံးတွင် အလွန်ထွန်းကားနေကြောင်း အနိုင်အမာ မှတ်ယူကြရမည်ဖြစ်ပါသည်။

မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ)တွင် ရခိုင်ပညာရှိ အမတ်ကြီး မဟာပညာကျော် (အေဒီ ၁၅၃၁ မှ ၁၅၉၃ ထိ)သည် ရခိုင့် တစ်ဆယ့်နှစ်လရာသီကို ကဗျာရှည်ကြီးဖြင့် မော်ကွန်းထိုးသွားခဲ့ပါသည်။ အမတ်ကြီး၏ "ရခိုင့်တစ်ဆယ့်နှစ်လရာသီမော်ကွန်း" ကဗျာကြီးသည် ရခိုင်လူမျိုးတို့အတွက် တန်ဖိုးမဖြတ်နိုင်သော စာပေတစ်ခုလည်း ဖြစ်ပါသည်။ အဓိပ္ပာယ်လေးနက်ပြီး အနှစ်သာရလည်း အလွန်ပြည့်ဝပါသည်။

မြောက်ဦးခေတ်တွင် ရခိုင့်တစ်ဆယ့်နှစ်လရာသီကို ရတုဖြင့် မှတ်တမ်းတင်သွားခဲ့သော စာဆိုရှင်တစ်ဦးလည်း ရှိပါသေးသည်။

ထိုသူကား ရခိုင်စာဆိုပညာရှိ အမတ် ဥက္ကာပျံတည်း။ စာဆိုဥက္ကာပျံသည် မင်းရာဇာ ကြီး လက်ထက် (အေဒီ ၁၅၉၃ မှ ၁၆၁၂ ထိ)တွင် အလွန်ထင်ရှားသော စာဆိုတော်တစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ သူ၏ တစ်ဆယ့်နှစ်လရာသီရတုများမှာ ပြည်တွင်းပြည်ပ အလွန်ထင်ရှားကျော်ကြားသော ရတုကဗျာများ ဖြစ်ခဲ့၏။

"ရခိုင်စာပေသမိုင်း"တွင် ရခိုင့်တစ်ဆယ့်နှစ်လရာသီကို အပြည့်အစုံ ရေးစပ်သီကုံးသွားကြသော စာဆိုရှင်များမှာ အမတ်ကြီး မဟာပညာကျော်နှင့် အမတ်ကြီး ဥက္ကာပျံတို့ကိုသာ တွေ့ရှိရပါသည်။ အခြားစာဆိုရှင်များလည်း ရှိနိုင်ပါသေးသည်။ သို့သော် စာရေးသူ လက်လှမ်းမမီ၍ မတင်ပြနိုင်ခြင်းဖြစ်ပါသည်။

သာခြင်းစာဆိုရှင်များက တစ်ဆယ့်နှစ်လရာသီကို သာခြင်းပုံစံဖြင့်လည်း စပ်ဆိုခဲ့ကြ၏။ သို့သော် ယင်းအဖွဲ့အနွဲ့များသည် တစ်ဆယ့်နှစ်လလုံးလုံးကို ဖွဲ့ဆိုခဲ့ကြသည်ကား မဟုတ်ပါချေ။ သုံးလ,လေးလ စသည် ပါဝင်ရုံလောက်သာ ရေးစပ်သွားခဲ့ကြ၏။ ပြည့်စုံသော တစ်ဆယ့်နှစ်လရာသီဘွဲ့ကဗျာများဟု မဆိုနိုင်ပါ။

ယခုစာရေးသူ ရေးစပ်သီကုံးထားသော "ရခိုင့်တစ်ဆယ့်နှစ်လရာသီကဗျာများမှာ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုအဆောက်အအုံကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါသည်။ ယင်းကဗျာများကို သေသေချာချာ လေ့လာမည်ဆိုပါက ရခိုင်လူမျိုးတို့၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအဖြာဖြာကိုလည်း သိရှိကြရမည်ဖြစ်ပါသည်။

"ရခိုင့်တစ်ဆယ့်နှစ်လရာသီ" ကဗျာများကို ကျောက်စာ၊ ပေစာ၊ ရာဇဝင်၊ သမိုင်းတို့နှင့် ညှိနှိုင်း၍ ရေးစပ်သီကုံးထားခြင်း ဖြစ်ပါသည်။ စာရေးသူ၏ ရည်ရွယ်ချက်မှာ အတိတ်က ရခိုင်လူမျိုးတို့၏ သမိုင်းပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေချင်သည်ကတစ်ကြောင်း၊ ယခုပစ္စုပ္ပန်ကာလနှင့် ပေါင်းစပ်၍ အနာဂတ်မျိုးဆက်သစ်များအတွက် အကောင်းဆုံး ဖန်တီး

နိုင်အောင် သိရှိစေလိုသည်ကတစ်ကြောင်း စသောအကြောင်းများကို ရည်ညွှန်း၍ ဖွဲ့ဆိုထားခြင်းဖြစ်ပါသည်။

ကဗျာများကို လေ့လာကြည့်လျှင် အသိခက်သော စကားလုံးများကိုလည်း တွေ့ကြရမည်ဖြစ်ပါသည်။ ရှေးဟောင်းစာပေတို့နှင့် နီးစပ်သောသူများအတွက် အခက်အခဲမရှိနိုင်သော်လည်း မနီးစပ်သောသူများအတွက် အခက်အခဲရှိနိုင်ပါသည်။ ထိုပုဂ္ဂိုလ်များအတွက် အခန်း(၃)၌ "ရခိုင့်တစ်ဆယ့်နှစ်လရာသီမှတ်ဖွယ်ဇယား"နှင့် တိုက်ဆိုင်၍ ကြည့်ရှုစေချင်ပါသည်။

လတစ်လစီ၏အကြောင်းအရာကို ပြည့်ပြည့်စုံစုံ ဖော်ပြဖို့ ဤနေရာ၌ အခွင့်မပေးချေ။ ကဗျာစာအုပ်ဖြစ်၍ ကဗျာအသွင်ဖြင့်သာ ကျေနပ်ကြပြီးလျှင် ဆက်လက်ထုတ်ဝေမည့် "ရခိုင့်ဌာနီလရာသီ" ကျမ်းစာအုပ်ကိုသာ စောင့်မျှော်၍ ဖတ်ရှုကြပါဟု တိုက်တွန်းလိုက်ရပါသည်။

စာရေးသူအနေဖြင့် "ရခိုင့်တစ်ဆယ့်နှစ်လရာသီ"ကို လင်္ကာပုံစံဖြင့်တစ်မျိုး၊ တြိချိုးပုံစံဖြင့်တစ်သွယ် ရေးစပ်သီကုံးထားပါသည်။ ရခိုင်စာပေယဉ်ကျေးမှုအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်လိမ့်မည်ဟု ယူဆပါသည်။ ရခိုင်စာပေယဉ်ကျေးမှုအတွက် တစ်စုံတစ်ရာ အကျိုးရှိခဲ့ပါလျှင် စာရေးသူအနေဖြင့် ကဗျာရေးသားစပ်ဆိုရကျိုး နပ်တော့၏။ ရခိုင်စာပေယဉ်ကျေးမှုများ အစဉ်သဖြင့် တည်တံ့ခိုင်မြဲပြီး ထွန်းလင်းနိုင်ပါစေဟု ဆန္ဒပြုလိုက်ရပါတော့သည်။ ။

ဒွါရာဝတီ–အရှင်ကုသလ (ငွေသဖင်)

၂၂–၁–၂၀၀၄

၁၃၆၅ ခု၊ တပို့တွဲလဆန်း(၁)ရက်၊ ကြာသပတေးနေ့။

# ရခိုင့်တစ်ဆယ့်နှစ်လရာသီ လင်္ကာ

## အခန်းတစ်

နမော ဗုဒ္ဓါယ သိဒ္ဓံ

# နိဒါန်း

ရက္ခပူရိ ။ ။ တိုင်းဌာနိဟု
မဟီသမိုက် ၊ ပေါ်ထွန်းဆိုက်က
စွဲပိုက်မှန်စွာ ၊ ဖြစ်တုံပါ၍
စဉ်လာမပျက် ၊ မှတ်သားချက်ဖြင့်
စက်ဆယ့်နှစ်လီ ၊ ဒွါဒသီကို
စာစီကုံးကာ ၊ နိဒါန်းဖြာပိမ့်
လိတ္တာ–နေ့–ည ၊ ရက်ကိုပြ၍
ပက္ခနှစ်ထွေ ၊ လကိုရေလော့
မာသေဒွါဒသ် ၊ နှစ်ကိုမှတ်လျက်
သုံးရပ်ဥတု ၊ ရတုခြောက်ထွေ
မှန်မသွေဘဲ ၊ စက်ဗွေရဟာတ်
လှည့်၍ပတ်၏ ၊ နက္ခတ်သတ္တဝီ
ကိုးစီတာရာ ၊ ထွန်း၍ပ၏
မာသအစဉ် ၊ ရာသီယာဉ်နှင့်
စဉ်းယှဉ်နက္ခတ် ၊ ရပ်ပုံသတ်၍
ပန်းမြတ်တော်ဝင် ၊ ပွဲသဘင်လည်း
စုံလင်မည်ဆန်း ၊ မပြတ်ထွန်းသည် ။ ။
တင့်ရှန်းကျက်သရေ ဖြိုးစေသောဝ် ။ ။

အောင်မြေသာစည်

## ၁။ မိဿရာသီ ၊ တာကူးလာဘွဲ့

စက်မောင်း စက်မောင်း ။ ။ အချိန်ပြောင်း၍
နှစ်ဟောင်းကုန်လစ် ၊ ကာလသစ်သို့
တာသစ်ချိန်ကူး ၊ လတာကူးဝယ်
ညွန့်ဖူးဝေဆာ ၊ ချိန်အခါမို့
ရာသီမိဿ ၊ ဆိတ်မြူးကြွလျက်
ကာလညဥ့်စံ ၊ သန်းခေါင်ယံမှ
ရောင်လျှံထွန်းပ ၊ စိတြတည့်
ပန်းလှအကျော် ၊ ပွင့်ပြန်သော်ကား
ကံ့ကော် ၊ ရင်ခတ် ၊ ထုံသင်းလတ်၍
နက္ခတ်သဘင် ၊ စံပယ်တင်လျက်
ဆံကျင်တာရာ ၊ ထွန်းလင်းဖြာခဲ့
ဆာယာဖဝါး ၊ သုံးခုပြား၍
ပိုင်းခြားနှစ်သွယ် ၊ နေ့ ၊ ညဥ့်ချယ်သော်
သုံးဆယ်စီမျှ ၊ နာရီပြလျက်
မိန်လကုန်ခန်း ၊ မိဿထွန်းချိန်
ခွက်ဆန်းထွေလည် ၊ မွေးထုံရည်ဖြင့်
ရွှင်ကြည်အေးစွာ ၊ ပက်ဖျန်းပါသည် ။ ။
အတာသင်္ကြန် ခြိမ့်ခြိမ့်တည်း ။ ။

| ရခိုင် | မြန်မာ |
|---|---|
| တာကူးလ | တန်ခူးလ |

## ၂။ ပြိုဿရာသီ ၊ ကဆုန်လတွင်

အထူး အထူး ။ ။ အတာကူး၍
နှစ်ဦးဆုံခန်း ၊ ကဆုန်နန်းဝယ်
နေဝန်းပြွင်းလှ ၊ ပူထန့်ကြွလျက်
ပြိုဿရာသီ ၊ ချိန်ခါမီမို့
နာရီညဉ့်လွှာ ၊ သန်းခေါင်မှာလည်း
ဝိသာခါလျှင် ၊ စန်းနှင့်ငင်၏
ရုပ်သွင်ထူးခြား ၊ သဏ္ဍာန်ပြား၍
နွားလားဥသဘ ၊ ခေါ်ဆိုကြလျက်
အလှတင့်ဆန်း ၊ စံကားပန်းလျှင်
ပွင့်လန်းဤခါ ၊ ရနံ့ဖြာခဲ့
တံငါခေါ်ထ ၊ တာရာလှနှင့်
နှစ်ဝဖဝါး ၊ ရိုပ်ဟန်ပြား၍
မှတ်သားတွက်ချိန်း ၊ ဒွေး–တြိန်းလျှင်
နေ့ကိန်းမှန်လှ ၊ နာရီပြလျက်
အဋ္ဌ – ဒွေးမှာ ၊ ညဉ့်ဖြစ်လာ၏
နံ့သာထုံဘိ ၊ ရေအိုးတိနှင့်
ဗောဓိညောင်ရေ ၊ သွန်းပွဲစွေသည် ။ ။
တို့မြေရခိုင် ခြိမ့်ခြိမ့်တည်း ။ ။

မှတ်ချက် ။ ။ ဗေဒင်သင်္ချာနည်းအရ ဂဏန်းကို
နောက်ပြန်စဉ်ပါ။

ဒွေး = ၂ တြိန်း = ၃ (၃၂)
အဋ္ဌ = ၈ ဒွေး = ၂ (၂၈)

အောင်မြေသာစည်

## ၃။ မေထုန်ရာသီ ၊ နံယုန်လဘွဲ့

မိုးဦး မိုးဦး ။ ။ နံယုန်မြူးလျက်
မြည်ကြူးသံကုန် ၊ လနံယုန်ဝယ်
တိမ်မှုန်ရစ်သန်း ၊ မိုးသေးဖျန်း၍
မြိုင်နန်းတစ်ကြော ၊ ရှမောမကုန်
မေထုန်ရာသီ ၊ ရောက်ခဲ့ပြီတည့်
ကိန္နရီ ဖို–မ ၊ မြူးဟန်ကြွလျက်
ဖွေ့မည်တွင် ၊ နက္ခတ်ထင်၍
ကြည်လင်ပျံ့မွှေး ၊ ရနံ့အေးသည့်
မြတ်လေးပန်းလှ ၊ ဖူးပွင့်ကြ၏
တံငါ့တာရာ ၊ ထွန်းချိန်ခါမို့
ဆာယာဖဝါး ၊ တစ်ခုပြားလျက်
နေ့ကားဃဋ္ဌိ ၊ ဓော–တြိနှင့်
ဆ–ဒွိမှန်မူ ၊ ညဥ့်ချိန်ယူ၍
တောင်သူလယ်လှ ၊ ထွန်ယက်ကြကာ
ဖို–မ ကိန္နရီ ၊ ကစုံညီလျက်
တိုင်းချီအဝှန်း ၊ ပွဲတော်ထွန်းသည် ။ ။
ရွှင်လန်းသဘင် မြိမ့်မြိမ့်တည်း ။ ။

ဓော = ၄ တြိ = ၃ (၃၄)
ဆ = ၆ ဒွိ = ၂ (၂၆)
ရခိုင် = နံယုန်လ မြန်မာ = နယုန်လ

## ၄။ ကရကဋ်ရာသီ ၊ ဝါဆိုလဘွဲ့

သံဃေ သံဃေ ။ ။ မြတ်မထေရ်တို့
ကျောင်းနေမှီရို ၊ လဝါဆိုဝယ်
ရွာလိုမပြတ် ၊ ပဖွာနုန်နတ်လည်း
ကရကဋ်ရာသီ ၊ အားနှင့်ရှီလျက်
ရာသီရုပ်မွန် ၊ လယ်ပုစွန်ဟု
သဏ္ဌာန်ပြ၍ ၊ ရှေ့ရှုမှတ်ရာ
နက္ခတ်မှာလည်း ၊ ပြုဖွာသာဋ်တင့်
အားမာန်ဝင့်ကာ ၊ ဖူးပွင့်ပုန်းညက်
ပင်ယံထက်က ၊ မွှေးသက်လှ၏
ကာလည၌မှန် ၊ အာကာစွန်၌
ဆဒ္ဒန်ဆင်မင်း ၊ တာရာခင်း၍
ရိပ်နင်းဖဝါး ၊ သုညပြားလျက်
နေ့ကားခါမီ ၊ ဆ–တြိနှင့်
နာရီ ဓော–ဗား ၊ ည၌ချိန်ထားလျက်
လှုအားမစဲ ၊ ပဥ္စင်းပွဲလည်း
သောင်းသဲညံစွာ ၊ ကျင်းပပါသည် ။ ။
မြို့ရွာအနှံ့ ခြိမ့်ခြိမ့်တည်း ။ ။

ဆ = ၆ တြိ = ၃ (၃၆)
ဓော = ၄ ဗား = ၂ (၂၄)
ရခိုင် = ဝါဆိုလ မြန်မာ = နွယ်တာလ(ရှေး)၊ ဝါဆိုလ (ယခု)

ဒေါင်မြသော၏ေ

## ၅။ သို့ဟ်ရာသီ ၊ ဝါခေါင်လအခွဲ့

ဝါလ ဝါလ ။ ။ မစ္ဆိမမို့
ဝါလလယ်ခေါင် ၊ လဝါခေါင်ဝယ်
ညိုမှောင်ရစ်သိုင်း ၊ မိုးတိမ်လှိုင်းနှင့်
အုံ့ဆိုင်းရွာချိန် ၊ ရာသီသိဟ်လျှင်
မမိုန်ရုပ်ဆင်း ၊ ခြသေ့မင်းတည့်
ထွန်းလင်းအမှန် ၊ သရဝဏ်လည်း
မိုးစွန်မြင့်မြင့် ၊ စန်းယှဉ်တင့်၍
ဖူးပွင့်ဝေဆာ ၊ အလှဖြာလျက်
ခတ္တာမည်ဆန်း ၊ သင်းကြိုင်လန်း၏
ထွန်းတောက်ရောင်ဝါ ၊ မြင်းတာရာနှင့်
ဆာယာကေ ၊ ဖဝါးပြလျက်
ဖယ–တြိ ၊ နေ့ချိန်သိ၍
ဆ–ဒွိ မှန်စွာ ၊ ညဥ့်ချိန်ခါဟု
နာရီမည်လှ ၊ မှတ်သားကြ၏
ဤလချိန်ခါ ၊ တို့ပြည်ရွာတွင်
ရွှေစာရေးတံ ၊ ပွဲတော်ခံသည် ။ ။
နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်တည်း ။ ။

ဖယ = ၄ တြိ = ၃ (၃၄)
ဆ = ၆ ဒွိ = ၂ (၂၆)
ရနိုင် = ဝါခေါင်လ မြန်မာ = နံကာလ(ရှေး)၊ ဝါခေါင်လ (ယခု)

## ၆။ ကန်ရာသီ ၊ တော်သလင်းလဘွဲ့

ပျော်ဖွယ် ပျော်ဖွယ် ။ ။ တောင်သူ–မယ်တို့
တောဝယ်ခုတ်ရှင်း ၊ တောသလင်းတည့်
တော်သလင်းခါမီ ၊ ကန်ရာသီက
စုံညီလှပ ၊ မိန်းမပုံဟန်
ရုပ်သဏ္ဍာန်နှင့် ၊ မိုးစွန်အာကာ
တိမ်ခြည်သာ၍ ၊ ပြဗ္ဗာဘဒြပိုဒ်
စန်းယှဉ်တိုက်လျက် ၊ ပျော်ပိုက်ဤခါ
ရွှေရင်းမာလည်း ၊ ဝေဆာမြူးကြွ
ဖူးပွင့်ကြ၏ ၊ တာရာ့ပုံနိုင်း
ငွေဥဖျိုင်းလည်း ၊ ယှဉ်တိုင်းမကွာ
ရိပ်ဆာယာမှု ၊ နှစ်ဖြာပြည့်လတ်
မွှန်းတည့်မတ်လျက် ၊ အဋ္ဌ–ဒွေးမှာ
ညဥ့်ဖြစ်လာ၏ ၊ နေ့မှာ ဗား–တြိ
ချိန်နာရီတည့် ၊ နဒီမြစ်ကြောင်း
ငြိမ်,စကောင်းမို့ ၊ ပြိုင်လောင်းသဘင်
မြူးပျော်ရွှင်ပျ ၊ ဆင်ယင်ကြသည် ။ ။
မြို့ပြကျေးရွာ ခြိမ့်ခြိမ့်တည်း ။ ။

အဋ္ဌ = ၈ ဒွေး = ၂ (၂၈)
ဗား = ၂ တြိ = ၃ (၃၂)


| <u>ရခိုင်</u> | <u>မြန်မာ</u> |
| --- | --- |
| တော်သလင်းလ | သစ်ဆင်းလ(ရှေး)၊ တော်သလင်းလ (ယခု) |

**အောင်ဇေယျာသည်**

## ၇။ တူရာသီ ၊ ဝါကျွတ်လဘွဲ့

ဝါလ ဝါလ ။ ။ ကျွတ်လွတ်ကြ၍
ဝါလကင်းလွတ် ၊ လဝါကျွတ်ဝယ်
အထွတ်မိုးရှင် ၊ ငြိမ်းဟန်ပြင်လျက်
ပျော်ရွှင်ခါမီ ၊ တူရာသီတည့်
ရာသီရုပ်သွင် ၊ ပုံအဆင်ကား
ချိန်ခွင်မည်လှ ၊ ခေါ်ဆိုကြလျက်
အဿဝဏီ ၊ နက္ခတ်ချီ၍
သီတာကြည်လင် ၊ မြကန်ပြင်ဝယ်
ငါးအင်ကြာပန်း ၊ အဆန်းဆန်းလျှင်
ရွှင်လန်းကြည်သာ ၊ ရနံ့ဖြာခဲ့
တာရာရွှေကျီး ၊ ထိန်ထိန်ညီး၍
ရိပ်ထီးဖဝါး ၊ သုံးခုပြားလျက်
မှတ်သားနေ့ည ၊ နာရီကမူ
ညီမျှသုံးဆယ် ၊ တိတိကြွယ်၏
အံ့ဖွယ်ပုံဆန်း ၊ မြင်းမိုရ်နန်းနှင့်
မီးထွန်းသဘင် ၊ ပွဲတော်ဆင်သည် ။ ။
များဖြင်လူတို့ ခြိမ့်ခြိမ့်တည်း ။ ။

ရခိုင် = ဝါကျွတ်လ
မြန်မာ = သံတူလ (ရှေး)၊ သီတင်းကျွတ်လ (ယခု)



## ၈။ ဖြို့ဆွာရာသီ ၊ တန်ဆောင်မုန်းလဘွဲ့

အမြင့် အမြင့် ။ ။ တန်ဆောင်လွှင့်၍
မီးဖြင့်ခြယ်မှုန်း ၊ တန်ဆောင်မုန်းဝယ်
မိုးချုန်းညံစီ ၊ ဝေးခဲ့ပြီတည့်
ရာသီဖြို့ဆွာ ၊ ရောက်ချိန်ခါမို့
ရုပ်လွှာပုံဟန် ၊ ကင်းပုစွန်ဟု
သဏ္ဍာန်ပုံရိပ် ၊ စွဲမှတ်သိပ်လျက်
ဖျောက်ဆိပ်ခေါ်ရာ ၊ ကြတ္တိကာနှင့်
စန္ဒာငွေလ ၊ ယှဉ်ပြိုင်ကြ၍
အလှမည်ဆန်း ၊ ခဝဲပန်းလည်း
ရှင်လန်းဤခါ ၊ ကျီးတာရာနှင့်
ဆာယာဖဝါး ၊ လေးခုပြားခဲ့
ထင်ရှားညဥ့်ကိန်း ၊ ဗား-တြိန်းတည့်
နေ့ကိန်းမှတ်ရေး ၊ အဋ္ဌ-ဒွေးလျှင်
စဉ်ရေးအတည် ၊ နာရီမည်၏
ဖြိုးစည်သဲသဲ ၊ ကထိန်ပွဲလည်း
ထူးကဲဤခါ ၊ ကျင်းပပါသည် ။ ။
ပြည်ရွာအုန်းအုန်း ခြိမ့်ခြိမ့်တည်း ။ ။

ဗား = ၂ တြိန်း= ၃ (၃၂)
အဋ္ဌ = ၈ ဒွေး = ၂ (၂၈)

## ၉။ ခေနေ့ရာသီ ၊ နတ်တော်လသာချွဲ.

ရှင်နတ် ရှင်နတ် ။ ။ ပွဲတော်မှတ်၍
ထူးမြတ်ပူဇော် ၊ လနတ်တော်ဝယ်
ဆောင်းဖော်ဝင်ပြု ၊ နှင်းရည်ဥကာ
ခနေရာသီ ၊ နေနှင့်ညီလျက်
ရာသီပုံဆိုင် ၊ ရုပ်မလွှိုင်ကား
လေးကိုင်ယောကျ်ား ၊ စွမ်းပကားဖြင့်
ထွန်းပြားမိဂသီ ၊ စန်းနှင့်ညီခဲ့
သီရိထွတ်တင် ၊ ဂမုန်းအင်နှင့်
သဇင်ပန်းတော် ၊ ပင်မြင့်ပျော်၏
ထွန်းသော်တာရာ ၊ ရွှေဟသာလည်း
ရောင်ဝါထိန်လင်း ၊ အားမာန်တင်း၍
ရိပ်နှင်းဖဝါး ၊ ငါးခုပြားလျက်
ဆ–ဗားနေ့ဟု ၊ နာရီရှု၍
စတု–တြိန္နာ ၊ ညဥ့်မှတ်ရာ၏
ဓား,ကာ,လေးစွဲ ၊ လှံကျင့်ပွဲနှင့်
ဆင်ပွဲသဘင် ၊ ပွဲကြီးယင်သည် ။ ။
ပြည်ခွင်အလုံး ခြိမ့်ခြိမ့်တည်း ။ ။

ဆ = ၆ ဗား = ၂ (၂၆)
စတု = ၄ တြိန္နာ= ၃ (၃၄)

## ၁၀။ မကာရရာသီ ၊ ပြာသိုလဘွဲ့


လေညင်း လေညင်း ။ ။ ရိုက်ဆော်သွင်း၍
ငွေနှင်းရွဲစို ၊ လပြာသိုဝယ်
ချမ်းပိုအေးမြ ၊ သမယလျှင်
မကာရရာသီ ၊ ရောက်ခဲ့ပြီတည့်
ရာသီပုံထွန်း ၊ ရုပ်ပုံဆန်းကား
မကရ်းမည်သာ ၊ ခေါ်ဆိုရာလျက်
ယှဉ်လာနက္ခတ် ၊ ဖုသျှမှတ်၍
ပွင့်လတ်ခွာညို ၊ ခွာပြာစိုလည်း
ပင်ပျိုနွယ်ပန်း ၊ ပွင့်တုန်လန်း၏
ပုံထွန်းပုစွန် ၊ တာရာမွန်နှင့်
ရိပ်လွန်ဖဝါး ၊ ခြောက်ခုပြားခဲ့
နေ့ကားမှတ်ဘိ ၊ ဇယ–ဒွိနှင့်
ဆ–တြိမှာ ၊ ညဉ့်ဖြစ်လာ၏
နာရီချိန်မင်း ၊ မြဲမှတ်သွင်း၍
မြင်းခင်းသဘင် ၊ ပွဲတော်ဆင်လျက်
ကျွမ်းကျင်သူရဲ ၊ ခန့်အပ်မြဲသည် ။ ။
ထူးကဲပျော်ရွှင် ခြိမ့်ခြိမ့်တည်း ။ ။

ဇယ = ၄ ဒွိ = ၂ (၂၄)
ဆ = ၆ တြိ = ၃ (၃၆)

## ၁၁။ ကုံရာသီ ၊ တပို့တွဲလအခွဲ့

တသုန် တသုန် ။ ။ မြောက်လေစုန်၍
ချမ်းဟုန်လွန်ကဲ ၊ တပို့တွဲဝယ်
စိုရွှဲခါမိ ၊ ကုံရာသီတည့်
မှုန်ရီနှင်းလွှမ်း ၊ အာကာလမ်းက
အိုးထမ်းယောက်ျား ၊ ဟန်မခြားသို့
ခန့်ညားပြည့်ဝ ၊ ကြယ်မာဃလျှင်
မြူးကြွဟန်ရှိ ၊ စန်းနှင့်ညီခဲ့
ရာသီကုန်ခွဲ ၊ အချမ်းသဲလျက်
ပေါက်လဲ ဆူးပန်း ၊ ပွင့်တုံလန်း၏
ညဥ့်သန်းချိန်ခါ ၊ ချိန်တာရာနှင့်
ဆာယာဖဝါး ၊ ငါးခုပြား၍
ပိုင်းခြားနေ့လျှင် ၊ ဆ–ဒွေးတင်လော့
ညဥ့်တွင်နာရီ ၊ ဓော–တြီတည့်
ခါညီယာဂု ၊ လှူဒါန်းပြုလျက်
ပျော်မှုအများ ၊ စည်းလုံးအားနှင့်
ရထားပွဲတော် ၊ နွဲကြပျော်သည် ။ ။
ပြည်ကျော်ပွဲမို့ ခြိမ့်ခြိမ့်တည်း ။ ။

ဆ = ၆ ဒွေး = ၂ (၂၆)
ဓော = ၄ တြီ = ၃ (၃၄)



## ၁၂။ မိန်ရာသီ ၊ တပေါင်းလဘွဲ့

သဘင် သဘင် ။ ။ ညွန့်သစ်ဆင်၍
ရွက်ကျင်ပြန်စ ၊ တပေါင်းလဝယ်
နုရွရွက်ဦး ၊ ပုရစ်ဖူးနှင့်
ကြည်နူးဖွယ်ရာ ၊ အလှဖြာလျက်
မိန်ရာသီစု ၊ ဆောင်းနွေလုရှ်
ဖဂ္ဂုနီနက္ခတ် ၊ စန်းယှဉ်လတ်၍
ကူးခတ်ပုံဟန် ၊ ရုပ်သဏ္ဌာန်နှင့်
နှစ်တန်ငါးကြင်း ၊ ပျော်ဖွယ်ခင်းလျက်
အင်ကြင်းစုံညီ ၊ သရဖီလျှင်
ရာသီအလှ ၊ ဖူးပွင့်ကြ၏
တာရာ့ချိန်ခွင် ၊ လင်းရောင်ထင်၍
ရိပ်လျှင်ဖဝါး ၊ လေးခုပြားခဲ့
အင်္ဂ–ဗားချက်ညီ ၊ နေ့နာရီနှင့်
ညဥ့်မှီမှတ်လော ၊ ဒွေး–တြောတည့်
သောသောဆင်နွှဲ ၊ ဘုရားပွဲလည်း
မစဲမြို့ရွာ ၊ ကျင်းပပါသည် ။ ။
ဘာသာသဘင် ခြိမ့်ခြိမ့်တည်း ။ ။

အင်္ဂ(အဌ) = ၈ ဗား = ၂ (၂၈)
ဒွေး = ၂ တြော = ၃ (၃၂)

## နီဂုံး

## (က)

မိုးတိမ်ယံဆီ ။ ။ ပျံ့ဝဲရှိ၍
ဒွါရာဝတီမည်ရ ၊ နာဂရ၏
ဥတ္တရဒိသာ ၊ မြောက်မျက်နှာ၌
သာသနာလျှင် ၊ လွှန်စည်ပင်၍
ပျော်ရွှင်ဖွယ်ကောင်း ၊ သူဌေးချောင်းတည့်
သာညောင်းမသွေ ၊ ထိုချောင်းမြေဝယ်
ရွှေလှေခေါ်ထ ၊ ရွာဂါမ၌
ပျော်ကြစံတင့် ၊ (ဦး)သိန်းမြင့်,(ဒေါ်)မြတင်
ဂုဏ်အင်ဖြိုးမောက် ၊ မိဘနှစ်ယောက်မှ
ဖွားမြောက်ဖြစ်လာ ၊ သားပုတ္တာကား
ကောဇာသက္ကရာဇ် ၊ တွက်ရေစစ်သော်
ခစ်,ခစ်,ဂေါ,ကု ၊ ရောက်တုံပြု၍
ဥတုကာလ ၊ ဟေမန္တဝယ်
မာဃမာသ ၊ လကွယ်ပ၍
ဗုဒ္ဓဒိဝသေ ၊ ရောက်တုံပေသား
ဆယ်ထွေဃဋီ ၊ ညဥ့်ခါမိ၌
ဇာနည်ထွန်းတောက် ၊ ဖြစ်လာရောက်သည် ။ ။
ဖွားမြောက်ဌာနေ သိစေသောဝ် ။ ။

ခစ် = ၂ ခစ် = ၂ ဂေါ = ၃ ကု = ၁ (၁၃၂၂-ခုဖွား)

**အောင်မြေသာစည်**

# (စ)

နောက်သား နောင်လာ ။ ။ လူများစွာတို့
လက်ာစာစု ၊ ဘယ်သူပြုဟု
ရှေးရှုအမှန် ၊ သိကြရန်တွက်
စာမွန်ဆော်ရှမ်း ၊ ကဗျာစွမ်းဖြင့်
စာတမ်းသခင် ၊ စာဆိုသျှင်က
နောင်တွင်သမှု ၊ မှတ်တမ်းပြုဝိမ့်
သမုခေါ်ရာ ၊ မည်သညာကား
"ဒွါရာဝတီ ၊ အ–ကိုမှီလျက်
သျှ–စီ ဟ–ထိုး ၊ င–သတ်တိုး၍
က–ပျိုးအောက်က ၊ ဥ–ကိုချလျက်
သ–ကိုရေးသား ၊ လ–နောက်ထားသည့်"
ခေါ်ကြားတွင်ရာ ၊ မှတ်ဝိမ့်နာလော့
ရာသီဆယ့်နှစ်တန် ၊ ကဗျာမွန်ကို
မန်ကျည်းချောင်မည်ရ ၊ ရွာဂါမ၏
ဝိဇယရုံသီ ၊ ကျောင်းတော်ဆီ၌
လေးလီယာပထ ၊ မျှတရွှင်ပြုံး
သီတင်းသုံးခါ ၊ စီကုံးပါသည် ။ ။
နောင်လာလူတို့ သိစေသောဝ် ။ ။

(၈)

ရက္ခမင်္ဂလာ ။ ။ တိုင်းအောင်ချာတွင်
စာပေယဉ်ကျေးမှု ၊ အနုအရင့်
သီးပွင့်ငုံအာ ၊ ပေါ်များစွာတည့်
နှောင်ခါမသွေ ၊ ခေတ်တိုင်းဝေလျက်
စာပေတန်ခိုး ၊ ကဲမြင့်တိုး၍
အမျိုးဂုဏ်ရှိန် ၊ မှေးမမှိန်ဘဲ
တောက်ထိန်ပြောင်လက် ၊ မျိုးဂုဏ်တက်ဖို့
သွေးဆက်ဤစာ ၊ ရေးဖွဲ့ပါ၏
ကဗျာပြီးလစ် ၊ သက္ကရာဇ်ကား
ဈ,ဝစ်,ဂီ,ကု ၊ သင်္ချာပြု၍
ဥတုဝဿာန ၊ တော်သလင်းလတွင်
ပက္ခဆုတ်လှယ် ၊ ရှစ်ရက်ဆွယ်၍
နေ့ဝယ်အင်္ဂါ ၊ မွန်းလတ်ခါဌ
အဋ္ဌာနာရီ ၊ ရောက်ချိန်ညီမှ
ရာသီဆယ့်နှစ် ၊ လင်္ကာစစ်ကို
ဖွဲ့လစ်သီကုံး ၊ ကျစ်လျစ်ထုံးလျက်
နိဂုံးကမ္ပတ် ၊ အဆုံးသတ်သည် ။ ။
တည်းဖြတ်ပြီးချိန် သိစေသောဝ် ။ ။

ဈ = ၉ ဝစ် = ၄ ဂီ = ၃ ကု = ၁
၁၃၄၉ ခု၊ တော်သလင်းလဆုတ် (၈)ရက်၊ အင်္ဂါနေ့
နံနက်(၈)နာရီ (ရဟန်း ၆–ဝါအရ)တွင် ရေးစပ်ပြီးစီးသည်။

အောင်မြေသာစည်

# ရခိုင့်တစ်ဆယ့်နှစ်လရာသီ ပြဲချိုး

## အခန်းနှစ်

နမော ဗုဒ္ဓါယ သိဒ္ဓံ

## နိဒါန်း

ရခိုင်မြေ တို့ဌာန
သာပေစွ လ,ရာသီ
ထူးလှစုံညီ ။

ပန်း,နက္ခတ်, တာရာချီ
ချိန်ခါမီ ပွဲတော်ထုံး ။

ပက္ခဒိန် သဘာလှစ်စေဖို့
ဆယ့်နှစ်ထွေ ရာသီမြတ်ကို
ရေးစပ်သီကုံး ။ ။


အောင်မြေသာစည်

## ၁။ တာကူးလဘွဲ့

နွေဂိမှာန် ရောက်ပြန်ပ
သက်ဌ္ဍ ကူးချိန်မှာ
ကျင်းပအတာ ။

စိတြ ထွန်းလင်းဖြာ
ကံ့ကော်မှာ ကြိုင်မြူး ။

မိဿရာသီခွင်မို့
ဆံကျင်ငယ် တာရာခတ်တယ်
လမြတ်တာကူး ။ ။



## ၂။ ကဆုန်လသဘင်

လကဆုန် နွေလေဖျန်း
ညောင်ရေသွန်း ပွဲတော်ဆင်
ကျင်းပနှစ်စဉ် ။

တံငါတဲ့ တာရာရှင်
အာကာပြင် ဝင့်ကြွား ။

ဝိသာခါ စန္ဒီယှဉ်လို့
စက်ရာသီ ပြိဿတွင်းမှာ
သင်းပျံ့စံကား ။ ။

## ၃။ နံ့ယူနံ့လာဘွဲ့

လှနံ့ယုန့် ပဓွုန်နှောပါလို့
တောလေ့ စံပယ်မြိုင်
သင်းပျံ့ကြိုင်လှိုင် ။

ဖွေ့နှင့် စန္ဒာပြိုင်
တံငါတိုင် ကွန့်မြူး ။

ကိန္နရာ ပွဲတော်ကျင်းချိန်မို့
စက်သူ့ရိန် မေထုန်စိုးတယ်
မိုးမာန်ဟုန်ကြူး ။ ။

## ၄။ ဝါဆိုလဲဘွဲ့

ရာသီချိန် ကရကဋ်မှာလ
ဝိဟာရ အေးရိပ်ခို
လမြတ်ဝါဆို ။

ဆင်ဆဒ္ဒန် တာရာပျို
အာကာကို လှဲ့ဝင်း ။

ပြုဗ္ဗာသာဠ် အရောင်လင်းချိန်မို့
ပဌင်းခံ ပွဲတော်ထွန်းတယ်
ပန်းပုန်းညက်သင်း ။ ။

## ၅။ ဝါခေါင်လဆွဲ.

လဝါခေါင် ကူးပြန်တော့
မြူးဟန်ကြော့ မြင်းတာရာ
သင်းပျံ့ခတ္တာ ။

ထွန်းလင်းပ သရဝဏ်မှာ
စန္ဒာနှင့် ယှဉ်တွဲ ။

သိဟ်ရာသီ အပူဝေးခါမှ
ထိန်ဖြာစည် အလှူပေးပါတဲ့
စာရေးတံပွဲ ။ ။

## ၆။ တော်သလင်းလဘွဲ့

လှေပွဲတော် အချိန်တက်လို့
ဝတီထက် အာကာပြင်
ဖျိုင်းတာရာဆင် ။

ဘဒြပိုဒ် နက္ခတ်ရှင်
ထက်ရပ်ခွင် ကြည်အေး ။

ကန်ရာသီ တော်သလင်းမှာလ
လှိုင်သင်းကာ ကျက်သရေဖြာတဲ့
ရင်းမာအသွေး ။ ။

## ၇။ ဝါကျွတ်လအဲ့

ကြာငါးထွေ သင်းရှိန်ပ
လင်းထိန်စွ တူရာသီ
ထူးလှပန်းချီ ။

အဿဝဏီ
ယှဉ်ညီတဲ့ စန္ဒာဝန်း ။

ဘုရားမှာ ၊ ဆီမီးဝါ ပူဇော်ကပ်ပါလို့
ဝါကျွတ်မှာ ထိန်ထိန်ညီးတယ်
ကျီးတာရာဆန်း ။ ။

## ၁၀။ ပြာသိုလအခွဲ့

နှင်းစိုစို ပြာသိုဆန်းတော့
ခွာညိုပြန်း ဝေဝေဆာ
ဖူးပွင့်ငုံအာ ။

ဖုသျှနှင့် လစန္ဒာ
တူယှဉ်ကာ ပြိုင်လှမ်း ။

မြင်းခင်းတော် သဘင်ပွဲခါမို့
ကြယ်တာရာ ပုစ္ဆန်ကတယ်
မြူးကြွမကာရ်း ။ ။

## ၁၀။ တပို့တွဲလဘွဲ့

ငွေနှင်းရည် ကြိုကာချ
ကြွယ်မာဃ ထိန်ထိန်သာ
ထွန်းပသော်တာ ။

ထူးလှတဲ့ ချိန်တာရာ
စိန်ပမာ မခြား ။

ပေါက်–လဲရယ် ငုံစီစီနဲ့
ကုမ်ရာသီ တပို့တွဲမှာ
နွဲ့ကြွရထား ။ ။

## ၈။ တန်ဆောင်မုန်းလဘွဲ့

ကြတ္တိကာ ထိန်ထိန်လင်းလို့
ကထိန်ခင်း ပွဲတော်မီ
ပြီးသွားရာသီ ။

နှင်းပုလဲ စီရရီ
စုံညီတဲ့ ခဝဲ ။


တန်ဆောင်မုန်း ချိန်အခါမို့
ငွေတာရာ ကျီးညိုထွန်းတယ်
ရွှန်းတောက်မစဲ ။

## ၉။ နတ်တော်လအခွဲ့

လနတ်တော် ပင်ယံနန်းက
သဇင်ပန်း လေ့ကလူ
မွှေးပျံ့ကြူကြူ ။

ဟသံ့မင်း တာရာထူ
ပြိုင်မူကြ ဆင်ပွဲ ။

မိဂသီ ၊ စန္ဒိ ပေါင်းရင်ဖြင့်
ဆောင်းအဝင် နေခန်းမှာ
ချမ်းပိုလို့ကဲ ။ ။



## ၁၂။ တပေါင်းလဘွဲ့

မိန်ရာသီ ရောက်ပြန်တော့
ပင်ယံကြော့ သရဖီ
ဖူးပွင့်စုံညီ ။

တပေါင်းလမှာတဲ့ ဖဂ္ဂုနီ
စန္ဒီနှင့် ယှဉ်တွဲ ။

ချိန်တာရာ ထိန်ဖြာကဲပါလို့
သဲစေတီ သောင်ယံဦးမှာ
ထူးမြတ်တဲ့ပွဲ ။ ။

## နိဂုံး

ဆယ့်နှစ်ထွေ ရာသီမြတ်
ရေးစီလတ် ပြီးချိန်ခါ
ထူးမှတ်ကြပါ ။

နဝါ, ဓယ, ဘော, ယုတြာ
နှစ်ကောဇာ မှတ်သုံး ။

ဖဂ္ဂုနမာသေ ဆုတ်ချိန်ပ
ရက်တြိန် နေ့နဂါးမှာဖြင့်
မှတ်သားဖွယ် ရာသီစည်းကို
တည်းဖြတ်အုပ်ဖုံး ။ ။

နဝါ = ၉ ဓယ = ၄ ဘော = ၃ ယုတြာ = ၁
၁၃၄၉ ခု၊ တပေါင်းလဆုတ်(၃)ရက်၊ စနေနေ့
(ရဟန်း ဖ-ဝါအရ)တွင် ရေးစပ်ပြီးစီးသည်။

# ရခိုင့်တစ်ဆယ့်နှစ်လရာသီ နောက်ဆက်တွဲ

## အခန်းသုံး

## ၁။ ရခိုင့်တစ်ဆယ့်နှစ်လရာသီ ပန်းပန်းချီ

ဪ...အစီအရီ ၊ နတ်ပန်းချီသို့
ရာသီလှစ်ဖော် ၊ ပန်းသဘင်ခေါ်လိုက်တော့
ကံကော်, စံကား ၊ စံပယ်ပွားလျက်
ငွေသားပုန်းညက် ၊ ခတ္တာနှင့်ဖက်သောခါ
ဝင်းလက်ရင်းမှာ ၊ လှိုင်သင်းကာဖြင့်
ပန်းကြာသင်းထုံ ၊ ခဝဲနယ်စုံပြန်တော့
ငုံသဇင်စ ၊ ခွာညိုမြနှင့်
အလှပေါက်လဲ ၊ ခက်ဆင့်ငယ်တွဲခိုက်မို့
ထူးကဲအင်ကြင်း ၊ ပန်းစုံခင်းလျက်
ညည်းချင်းစာလွှာနှင့် ၊ ပန်းပန်းချီ စာဆိုဖွဲ့မိတယ် ။ ။

ရာသီတွေ လှည့်ကာပတ်
ဆယ့်နှစ်ရပ် ဆယ့်နှစ်တွေ
ထူးလှစုံပေ ။
နွေ, မိုး, ဆောင်း သုံးဥာနေ
အလှတွေ ယှက်သိုင်း ။
လရာသီ ဘယ်မသိရင်ဖြင့်
သိရှိအောင် ပန်းကိုစစ်ပါလို့
ဆယ့်နှစ်ဖြာ သေချာထပ်လို့ရယ်
ညှိအပ်စဉ်တိုင်း ။ ။

၃၀.၉.၁၉၉၂

အောင်မြေသာစည်

## ၂။ နွေအလှ

◆ လေပွေထန်
နွေဂိမှာန် စက်မောင်းလို့
ရွက်ဟောင်းခွာလဲ ။
နှုတ်ကြောချို
ဥဩပျို တွန်သံကြူးတဲ့
ထူးလှရိုန်ပဲ ။

◆ ရွှေအင်ကြင်း
ထုံသင်းတဲ့ ပန်းကုံကော်
ပျံ့ကျော်လို့ မွှေး ။
စကားဝါ
နေခြည်မှာ စံပယ်လူး
မြူးလှတယ်လေး ။

◆ နွေစက်ရဲ့ ပန်းချီ ။
ဥဩငယ် ကာရန်နဲ့
တေးဖွဲ့လို့သီ ။
နွေအလှ နွေခါမီ
နေခြည်က နုထွေး ။
ဥဩတွန်သံနဲ့
ရာသီစံ တော်ဝင်ပန်းတို့မှာ
ရွှန်းတင့်လို့မွှေး ။ ။

၁၈.၅.၁၉၈၉

ဆောင်မြေသာညို

## ၃။ မိုးအလှ

♦ ထန်ကုန်အောင်
အမှုန့်မောင် အာကာစွန်က
ရွာရန်ချိန်ပျိုး ။
မြေကြားဝယ်
ရွှေဖားငယ် သံစုံခင်းတော့
မိုးမင်းဆော်နှိုး ။

♦ ပုန်းညက်ပျို
ခတ္တာကို လေပြည်သွင်းတော့
ကြိုင်သင်းလို့မွေး ။
ရွှေရင်းမာ
လေညင်းဖြာ ကြာစုံပန်းတို့
ထုံလွှမ်းပြီလေး ။

♦ မိုးစက်ရဲ့ ပန်းချီ
ရွှေဖားငယ် ကာရန်နွဲ့
တေးဖွဲ့လို့သီ ။
မိုးအလှ မိုးခါမှီ
ရေကြည်က စုဝေး ။
ရွှေဖား အော်သံနဲ့
ရာသီစံ တော်ဝင်ပန်းတို့မှာ
လန်းစွင့်လို့ဖွေး ။ ။

၁၅.၈.၁၉၈၉

အောင်မြေသာစည်

## ၄။ ဆောင်းအလှ


♦ မြောက်လေပြန်
ဆောင်းဟောမန် သမယမို့
ချမ်းလှတယ်လေး ။
ပုရစ်စာ
မြေကျစ်လွှာ ဖွေထိပ်ဦးမှာ
မြူးကြွရှိုတေး ။

♦ ခဝဲထုံ
ပုလဲငုံ သဇင်မင်းက
သင်းရနံ့မွှေး ။
ပန်းခွာညို
လန်းဖြာစို ရွှေစင်ပေါက်တို့
ဖြိုးမောက်ပြီလေး ။

♦ ဆောင်းစက်ရဲ့ ပန်းချီ ။
ပုရစ်ငယ် ကာရန်နဲ့
တေးဖွဲ့လို့သီ ။
ဆောင်းအလှ ဆောင်းခါမီ
နှင်းရည်က ယုထွေး ။
ပုရစ်တွန်သံနဲ့
ရာသီစံ တော်ဝင်ပန်းတို့မှာ
စန်းပွင့်လို့အေး ။ ။

၁၄.၁၂.၁၉၈၉

**အောင်မြေသာစည်**



## ၅။ လောင်းလှေပွဲ

♦ လခြမ်းမြို့ လောင်းလှေပွဲ
ဆင်နွှဲကြ မှန်စွာ ။
ချောင်းတစ်ခွင် မြစ်ရိုးကြောမှာလ
သောသောညံ ညာသံကြွေး
အားပေးကြရှာ။
လှော်ခတ်ပုံ ညီညီညာ
ဖွဲ့စိတ်မှာ ထန်ပြင်း ။
မျိုးရခိုင် ဇာတိသွေးဟာမို့
ရဲတွေး နိတျာနန့်
သူ့ထက်ငါ ပန်းဝင်ကြောင်းကို
ပွဲထောင်းလို့သွင်း ။

♦ လှေပွဲကို အခြေပြု
ရေတပ်ဟု ပေါ်လာ။
ရန်သူကို စစ်ချီတက်
တိုက်ဖျက်ခဲ့တာ။
နိုင်ငံရဲ့ တပ်မဟာ
ကျယ်ပြန့်စွာ ထင်ရှား။
စစ်ရေးကို ဆင်ကာနွှဲနိုင်ဖို့
လှေပွဲကို ရေမှာခင်း
ကျင်းခဲ့တကား ။ ။

၉.၆.၂၀၀၂

## ၆။ ရှေးခေတ်ရခိုင်မြင်းစင်းသဘင်

♦ စစ်ကွင်းမှာ အားမာန်ကြွ
ပြာသိုလ ချိန်ခါ ။
ဓားလှံကို စွမ်းရည်ပြ
အံ့ချီးစွ ပညာ ။
ရှေးရခိုင် နန်းမြေတွင်းမှာလ
မြင်းခင်းတော် သဘင်ပွဲ
နွဲကြစဉ်လာ ။
ဖွဲ့သတ္တိ ခိုင်မာစွာ
စစ်ပညာ ထက်မြက်ရေး ။
ဇာတိမာန် အဟုန်တိုးစေဖို့
အမျိုးဂုဏ် ထုတ်ဖော်ဆက်
အားတက်ဖွယ်လေး ။

♦ ငွေနှင်းမှုန် ဝဲပျံကျ
မကာရ ရာသီ ။
ပန်းခွာညို လေပြည်သွင်း
သင်းပျံ့ခါမီ ။
ဆိုင်းဗုံနဲ့ အားမာန်ချီ
ဇာနည်တို့ ဆင်နွှဲ ။
စစ်အောင်လံ တလူလူနဲ့
ထူးချွန်သူ ဆုတော်မြတ်
ပေးအပ်တဲ့ပွဲ ။ ။

၈.၅.၁၉၈၃

အောင်မြေသာစည်

## ၃။ ပေါက်ပန်းပွင့်ချိန်

◆ ပေါက်ပန်းတွေ ဖူးပွင့်လို့
ရူးဆွတ်ဖို့ တို့တစ်တွေ
သွားရအောင်လေ ။
သူငယ်ချင်း ယောက်ဖရေ
ရိုးတံတွေ ပီပီမှုတ် ။
ပျော်စရာ တို့ဘဝ
တီးကြလက်ခုပ် ။

◆ တို့ကျေးရွာ ဝန်းကျင်နား
ပေါများတဲ့ ပေါက်ပင်တွေ
စည်ကားလို့နေ ။
ဒေသရဲ့ အလှပေ
ဖြိုးဝေလို့ ရှင်လန်း ။
ကုမ်ရာသီ နှင်းမှုန်ဝင့်
ပွင့်တဲ့သည်ပန်း ။

◆ ပေါက်ပန်းတွေ အဆုပ်ဆုပ်
ဝတ်ရည်စုပ် ငှက်ငယ်တွေ
ပေါလှပါပေ ။
ဝဲပျံလို့ ဆူညံဝေ
ပျော်နေကြ အများ
ပွဲသဘင် ပမာရောက်
ဝမ်းမြောက်တအား ။

**အောင်မြသာညွှေ**

♦ ကောင်းကင်ကို မော့ကြည့်က
ကြယ်မာဃ ထိန်ထိန်သာ
လင်းပသော်တာ ။
သူငယ်ချင်း ဖော်သဟာ
ပျော်ရှာလို့ ကစား ။
အိမ်ရှေ့မှာ ထုပ်ဆီးတိုး
ရိုးလို့မသွား ။

♦ သူ့ဌေးမြေ သဘာဝ
ချောင်းရေက ရစ်ခွေလည်
စိမ်းမြရေကြည် ။
ဒေသရဲ့ နေရာတည်
စည်ပင်လို့ အေးချမ်း ။
ရေစုန်မှာ ဝါးဖောင်စီးပါလို့
ယီးတိုက်ကာ ဝါးလုံးကျိုးအောင်
ထိုးလိုက်ကြစမ်း ။

♦ ယောက်ဖရေ လာပါဝေး
လှေကလေး လှော်ရအောင်
ချောင်းလယ်ကသောင် ။
တို့ကျွန်းရဲ့ အလယ်ခေါင်
ဟိုချောင်က ဇီးတော ။
နင်နဲ့ငါ အတူသွား
စားရအောင်နော ။

အောင်မြေသာစည်

♦ ငယ်စဉ်ခါ တို့ဘဝ
ဘယ်ခါမှ မမေ့နိုင်
ဝမ်းမြောက်အပြိုင် ။
ယခုတော့ မပျော်နိုင်
ကိုယ့်ဆိုင်ရာ ကိုယ်လုပ် ။
သာသနာ ရှိန်တန်ခိုးနဲ့
မျိုး,ဘာသာ ဘယ်မညှိုးအောင်
ကြိုးစားအားထုတ် ။ ။

၁၅.၁၂.၂၀၀၃

## ၈။ ပေါက်လဲငုံစီဖူးတံချီ

ကုမ်ရာသီ တပို့တွဲ
ပေါက်လဲရယ်တဲ့ ငုံစီစီ ။
ငွေနှင်းရည် ဝင့်ကာမြူး
ဖူးတံကချီ ။
ပင်လုံးကျွတ် ပွင့်ချိန်မီ
နီတျာ တင့်ဆန်း ။
မြောက်ပြန်လေ ပြည်ပြည်သွေးချိန်ပေါ့
ကျေးငှက်စုံ ရွှင်ပျော်မြူးရှာကြ
ပွင့်ဖူး အစုံစုံနဲ့
တောရဂုံ မြိုင်တစ်လျှောက်မှာဖြင့်
ဖြိုးမောက်ရွှင်လန်း ။ ။

၁၆.၂.၁၉၇၇

## ၉။ မိန်ရာသီလတပေါင်း

♦ မိန်ရာသီ လတပေါင်း
ရှက်ဟောင်းရယ်တဲ့ ကြွေချိန်မှန် ။
ရော်ရွက်ဝါ မြေမှာလူး
ဖူးပုရစ်ပြန် ။
သရဖီတို့ ဂုဏ်ဝင်းလျှံ
ထုံသင်းမွှန် ကြိုင်မြူး ။
ကြက်ဆောင်း ချိန်ခါပေမို့
ရှက်ဟောင်း သိန့်သရေနဲ့
ထိန်ဝေတဲ့ တောအလှမှာဖြင့်
လောကကို တစ်ဖုံဆင်တဲ့
ပန်းသခင် ရွှေအင်ကြင်းတို့မှာ
သင်းရနံ့ထူး ။

♦ ဖဂ္ဂုနီ စန်းယှဉ်လတ်
ထူးမြတ်တဲ့ ချိန်ခါ ။
ဆောင်းနဲ့နွေ အားပြိုင်ခင်း
ငွေနှင်းရစ်ဖြာ ။
ဥဩတို့ တွန်မြူးရှာ
သာယာဘိ တစ်ပါး ။
မြို့ရပ် ပြည်ရွာမှာဖြင့်
မြတ်ဗုဒ္ဓါ ပူဇော်ပွဲ
ခြိမ့်သဲစည်ကား ။ ။

၂၁.၂.၁၉၉၀

**အောင်မြေသာညွှ်**

## ၁၀။ ရခိုင်ရိုးရာသင်္ကြန်ပွဲ

ရွက်ဟောင်းကြွေ မြေမှာလူး
အတာကူး ရောက်ခဲ့ပြီ ။
လောင်းလှေကို အလယ်ထားပါလို့
နှစ်ဖက်သား ညီညာစွာနဲ့
စည်းလုံးကာ မေတ္တာဆက်
ရေခွက်ကိုယ်စီ ။
ရခိုင်မှာ စဉ်လာပွဲပေမို့
ဖွဲ့စိတ်မှန် အားမာန်စွမ်းတွေနဲ့
ပက်ဖျန်းပါလို့ ဟန်ကိုချီ
ရေသီတာက ကြည်အေး ။
ပန်းကုံကော် သင်းပျံ့မွှေးချိန်ပါ
ယဉ်ကျေးမှု ကွယ်မသွားရအောင်
ကြိုးစားကာ မျိုးဂုဏ်တစ်ရပ်ရယ်ကြောင့်
သံချပ်သံ သံပြိုင်တိုးပါလို့
ကိုယ့်ရိုးရာ သင်္ကြန်ပွဲကိုလ
နွှဲကြပြီလေး ။ ။

၂၅.၈.၁၉၉၈

## ၁၁။ နွေခလေ့

♦ နွေစက်ဖြာ
ရွှေရွက်ဝါ ညှာညှောင်းလို့
ရွက်ဟောင်းမြေလူး ။
ဖော်မပါ
မြိုင်ကြီးသေလာတောင်မှ
ငှက်ဖိုးခေါင် တေးသံလွှမ်း
ခွန်းချိုလို့ကျူး ။

♦ တောင်ခိုးတွေ အုံ့ကာဆိုင်း
ညိုမှိုင်းတဲ့ ချိန်ခါ ။
ပုတတ်စာ စေတောင်ပန်း
ပွင့်လန်းလို့ဖြာ ။
စိမ့်စမ်းတို့ ခန်းခြောက်လာ
နွေခါရဲ့ ခလေ့ ။
ယိမ်းနွဲ့ကာဆောင်
စိမ်းလဲ့ပြာ ညိုမှောင်လို့
တောတောင်ယံ မြိုင်တစ်ရိုး
မြူခိုးတွေဝေ ။ ။

၂၂.၁.၁၉၇၈

## ၁၂။ အရုဏ်တက်ချိန်လင်္ကာ

ကူး–မှာ–တိမ်နီ ။ ။ ဆုန်–ဝယ်–မိုထင့်။ ယုန်–ဝီ–လင့်နား။ ဆို–ယင့်–ညားထ။ ခေါင်–ဝါး–လုတင်။ လင်း–ရောင်–မြင်နှင့်။ ကျွတ်–ပင်–နေတုန်း။ မုန်း–ပေ–အုန်းတိ။ နတ်–ဖုန်း–ကောင်းထောင်။ သို–မောင်း–ဆောင်ထွေ။ တွဲ–မှောင်–ငွေတစ်။ ပေါင်း–မြေ–အစ်နယ်။ ဆယ့်နှစ်သွယ်တွင် ။ ရှေ့ဝယ်လ,ဟု ။ မှတ်သားပြုလျက် ။ နောက်စုနံကို။ နာရီဆိုသည်။ ။ ပဟိုရ်အရုဏ်တက်ချိန်တည်း။ ။

၂၆.၁၀.၁၉၈၅

| စဉ် | လင်္ကာ | လ,အမည် | အရုဏ်တက်ချိန် | |
|---|---|---|---|---|
| | | | နာရီ | မိနစ် |
| ၁ | ကူး–မှာ–တိမ်နီ | တာကူး | ၅ : | ၀၀ |
| ၂ | ဆုန်–ဝယ်–မိုထင့် | ကဆုန် | ၄ : | ၅၀ |
| ၃ | ယုန်–ဝီ–လင့်နား | နံယုန် | ၄ : | ၄၀ |
| ၄ | ဆို–ယင့်–ညားထ | ဝါဆို | ၄ : | ၃၀ |
| ၅ | ခေါင်–ဝါး–လုတင် | ဝါခေါင် | ၄ : | ၄၀ |
| ၆ | လင်း–ရောင်–မြင်နှင့် | တော်သလင်း | ၄ : | ၅၀ |
| ၇ | ကျွတ်–ပင်–နေတုန်း | ဝါကျွတ် | ၅ : | ၀၀ |
| ၈ | မုန်း–ပေ–အုန်းတိ | တန်ဆောင်မုန်း | ၅ : | ၁၀ |
| ၉ | နတ်–ဖုန်း–ကောင်းထောင် | နတ်တော် | ၅ : | ၂၀ |
| ၁၀ | သို–မောင်း–ဆောင်ထွေ | ပြာသို | ၅ : | ၃၀ |
| ၁၁ | တွဲ–မှောင်–ငွေတစ် | တပို့တွဲ | ၅ : | ၂၀ |
| ၁၂ | ပေါင်း–မြေ–အစ်နယ် | တပေါင်း | ၅ : | ၁၀ |

## ၁၃။ နေထွက်ချိန်လင်္ကာ

ကူး–သော်–နေးနေး။ ။ ဆုန်–ပေါ်–ပြေးနှင်း။ ယုန်–မွေး–လှတန်။ ဆို–မာ–ရျာန်ထပ်။ ခေါင်–ပန်–လတ်တက်။ လင်း–ပေါင်း–ဖက်ထည်။ ကျွတ်–သက်–တည်ထွင်။ မုန်း–ဟောင်း–အင်နှင့်။ နတ်–သင်–ခံတုန်း။ သို–ဟံ–ဆုန်းတောင်း။ တွဲ–သုံး–ကောင်းတစ်။ ပေါင်း–သောင်း–အစ်ထံ။ ဆယ့်နှစ်တန်တွင်။ ရှေ့နံလ,ကောက်။ မှတ်ဖွယ်ရောက်လျက်။ ကြွင်းနောက်နံကို။ နာရီဆိုသည်။ ။ပဟိုရ်သူရိန်ထွက်ချိန်တည်း။

၂၆.၁၀.၁၉၈၅

| စဉ် | လင်္ကာ | လ,အမည် | နေထွက်ချိန် | |
|---|---|---|---|---|
| | | | နာရီ | မိနစ် |
| ၁ | ကူး–သော်–နေးနေး | တာကူး | ၆ : | ၀၀ |
| ၂ | ဆုန်–ပေါ်–ပြေးနှင်း | ကဆုန် | ၅ : | ၅၀ |
| ၃ | ယုန်–မွေး–လှတန် | နံယုန် | ၅ : | ၄၀ |
| ၄ | ဆို–မာ–ရျာန်ထပ် | ဝါဆို | ၅ : | ၃၀ |
| ၅ | ခေါင်–ပန်–လတ်တက် | ဝါခေါင် | ၅ : | ၄၀ |
| ၆ | လင်း–ပေါင်း–ဖက်ထည် | တော်သလင်း | ၅ : | ၅၀ |
| ၇ | ကျွတ်–သက်–တည်ထွင် | ဝါကျွတ် | ၆ : | ၀၀ |
| ၈ | မုန်း–ဟောင်း–အင်နှင့် | တန်ဆောင်မုန်း | ၆ : | ၁၀ |
| ၉ | နတ်–သင်–ခံတုန်း | နတ်တော် | ၆ : | ၂၀ |
| ၁၀ | သို–ဟံ–ဆုန်းတောင်း | ပြာသို | ၆ : | ၃၀ |
| ၁၁ | တွဲ–သုံး–ကောင်းတစ် | တပို့တွဲ | ၆ : | ၂၀ |
| ၁၂ | ပေါင်း–သောင်း–အစ်ထံ | တပေါင်း | ၆ : | ၁၀ |

အောင်မြေသာစည်

## ၁၄။ နေဝင်ချိန်လင်္ကာ

ကူး–သံ–တိမ်တိမ်။ ။ ဆုန်–သံ–အိမ်နှင့်။ ယုန်–သိမ်–ကျော်တီး။ ဆို–သော်–ညီးထင့်။ ခေါင်–သီး–ခါထန်း။ လင်း–သော်–အန်းတိ။ ကျွတ်–သန်း–တင်တုန်း။ မုန်း–ပန်း–ပြုန်းတာ။ နတ်–မုန်း–လာထင်။ သို–မာ–ဆင်ထား။ တွဲ–မြင်–လားတစ်။ ပေါင်း–ဖား–မစ်နီ။ ဆယ့်နှစ်လီတွင်။ သညီရှေ့ကား။ လ,မှတ်သားလျက်။ နောက်ထားနံကို။ နာရီဆိုသည်။ ။ ပဟိုရ်သူရိန်ဝင်ချိန်တည်း။ ။

၂၆.၁၀.၁၉၈၅

| စဉ် | လင်္ကာ | လ,အမည် | နေဝင်ချိန် | |
|---|---|---|---|---|
| | | | နာရီ | မိနစ် |
| ၁ | ကူး–သံ–တိမ်တိမ် | တာကူး | ၆ | ၀၀ |
| ၂ | ဆုန်–သံ–အိမ်နှင့် | ကဆုန် | ၆ | ၁၀ |
| ၃ | ယုန်–သိမ်–ကျော်တီး | နံယုန် | ၆ | ၂၀ |
| ၄ | ဆို–သော်–ညီး–ထင့် | ဝါဆို | ၆ | ၃၀ |
| ၅ | ခေါင်–သီး–ခါထန်း | ဝါခေါင် | ၆ | ၂၀ |
| ၆ | လင်း–သော်–အန်းတိ | တော်သလင်း | ၆ | ၁၀ |
| ၇ | ကျွတ်–သန်း–တင်တုန်း | ဝါကျွတ် | ၆ | ၀၀ |
| ၈ | မုန်း–ပန်း–ပြုန်းတာ | တန်ဆောင်မုန်း | ၅ | ၅၀ |
| ၉ | နတ်–မုန်း–လာထင် | နတ်တော် | ၅ | ၄၀ |
| ၁၀ | သို–မာ–ဆင်ထား | ပြာသို | ၅ | ၃၀ |
| ၁၁ | တွဲ–မြင်–လားတစ် | တပို့တွဲ | ၅ | ၄၀ |
| ၁၂ | ပေါင်း–ဖား–မစ်နီ | တပေါင်း | ၅ | ၅၀ |

## ဆရာတော်ဘဒ္ဒန္တကုသလ
## (ဓမ္မာစရိယ–အရှင်ကုသလ (ငွေသဖင်)၏ ထေရုပ္ပတ္တိအကျဉ်း)

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ရွှေလှေရွာ၌ ခမည်းတော် ဦးသိန်းမြင့်+မယ်တော် ဒေါ်မြတင်တို့မှ ၁၃.၂.၁၉၆၁ ခုနှစ်၊ တနင်္လာနေ့၊ ည(၁၀)နာရီအချိန်တွင် ဖွားမြင်သည်။ မွေးချင်းငါးယောက်အနက် အငယ်ဆုံးဖြစ်ပြီး ငယ်နာမည်မှာ "မောင်ကျော်ရှိန်" ဖြစ်သည်။ ၁၉၆၇ ခုနှစ်မှစ၍ ပန်းချီရေးဆွဲခြင်း၌ အလွန်ဝါသနာကြီးခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် ရှင်သာမဏေဝတ်သည်။ ၁၉၇၆ ခုနှစ်မှစ၍ ကဗျာများကို ရေးသားစပ်ဆိုခဲ့သည်။

သံတွဲမြို့နယ်၊ ရွှေလှေရွာ၊ ဓနိကျွန်းရွာ၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့၌ လောကီနှင့် လောကုတ္တရာစာပေများကို သင်ယူဆည်းပူးခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ရှင်သာမဏေဘဝဖြင့် အစိုးရပထမကြီးတန်းကို အောင်မြင်သည်။ ပညာရေးကို ဓမ္မာစရိယတန်းအထိ သင်ယူဆည်းပူးခဲ့သည်။ ၂၀.၅.၁၉၈၂ ခုနှစ်တွင် ရဟန်းဘောင်တက်ရောက်သည်။

၁၉၈၄ ခုနှစ်၊ စက်တင်ဘာလထုတ်၊ ငွေတာရီမဂ္ဂဇင်းတွင် "ရင်းမာလှိုင်သင်း တော်သလင်း"ဆောင်းပါး၊ ၁၉၈၅–၈၆ ခုနှစ်ထုတ်၊ စစ်တွေ ဒီဂရီကောလိပ်မဂ္ဂဇင်းတွင် "အောင်ပွဲပန်း"ကဗျာတို့ဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

သံတွဲမြို့နယ်၊ မန်ကျည်းချောင်ရွာ၊ ဝိဇယရံသီကျောင်း၌ ၁၉၈၇ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ လေးနှစ်တိုင်တိုင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း သာမဏေ ကျောင်းသားတို့အား စာပေသင်ကြားပို့ချခဲ့ပါသည်။ ၃၁.၅.၁၉၉၁ ခုနှစ်တွင် သံတွဲမြို့၊ မြို့မဝေဠုဝန်ကျောင်းတိုက်ကို စာသင်တိုက်ဖွင့်လှစ်၍ စာသင်သား ရဟန်း၊ သာမဏေတို့အား သုံးနှစ်တိုင်တိုင် စာပေသင်ကြားပို့ချခဲ့ပါသည်။ ၁၆.၇.၁၉၉၄ ခုနှစ်တွင် သံတွဲမြို့၊

ဒွါရာဝတီမြို့သစ်၌ "အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်"ဟူသော အမည်ဖြင့် စာသင်တိုက် တည်ထောင်ဖွင့်လှစ်၍ သာသနာပြုလုပ်ငန်းများ ကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်လျက်ရှိပါသည်။

ယခုအခါ စာသင်သား (၅၀)ခန့်နှင့် ကြီးမားသော သာသနာ့ တာဝန်များကို ဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဒွါရာဝတီ အရှင် ကုသလ၊ ငွေသဇင်၊ အောင်မြေသာစည်ဆရာတော် စသော ကလောင် အမည်တို့ဖြင့် တိုင်းနှင့်ပြည်နယ်ထုတ်မဂ္ဂဇင်း၊ စာစောင်များတွင် ဆောင်းပါးနှင့် ကဗျာများကို စဉ်ဆက်မပြတ် ရေးသားလျက်ရှိပါသည်။ ရေးသားဖော်ပြပါရှိဖူးသော မဂ္ဂဇင်း၊ စာစောင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## "ဖော်ပြပါရှိဖူးသော မဂ္ဂဇင်း၊ စာစောင်များ"

ငွေတာရီမဂ္ဂဇင်း၊ စစ်တွေဒီဂရီကောလိပ်မဂ္ဂဇင်း၊ ဗုဒ္ဓဓမ္မလောက စာစောင်။ ဓမ္မဗျူဟာစာစောင်၊ ရခိုင်မဂ္ဂဇင်း၊ သံတွဲမြို့-မြို့မဝေဠုဝန် ဆရာတော် အတ္ထုပ္ပတ္တိစာစောင်၊ ဧညဝတီပက္ခဒိန်၊ ရွှေသွေးဂျာနယ်၊ ဓမ္မ ရုပ်စုံမဂ္ဂဇင်း၊ မြစ်မခဓမ္မစာသဝဏ်၊ စစ်တွေမြို့-မြို့မဆရာတော် အတ္ထုပ္ပတ္တိစာစောင်၊ ကျောက်ဖြူမြို့-ယပ်လှဲကျောင်းတိုက်ငွေရတုမဂ္ဂဇင်း၊ ရိုးမလှိုင်း-တောင်ကုတ်မဂ္ဂဇင်း၊ ဒွါရာဝတီမဂ္ဂဇင်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ရန်ကုန်မြို့-မင်္ဂလာသုခကျောင်းတိုက်-တိုက်အုပ်ဆရာတော်အတ္ထုပ္ပတ္တိ စာစောင်၊ တောင်ကုတ်မြို့-ကံပိုင်မဟာဝိဟာရတိုက်ဆရာတော် အတ္ထုပ္ပတ္တိ စာစောင်၊ ဂွမြို့နယ်-ကမ်းသာယာမဂ္ဂဇင်း၊ မင်းပြားမြို့နယ်-ကျိန်းရိပ်မြေ မဂ္ဂဇင်း၊ မြေပုံမြို့နယ်-ရတနာမြေပုံမဂ္ဂဇင်း၊ ရန်ကုန်မြို့-မင်္ဂလာသုခပါဠိ တက္ကသိုလ်ကျောင်းတိုက် "ရွှေရတုစာစောင်"၊ သံတွဲမြို့-မဟာဗောဓိ စာသင်တိုက် "အဂ္ဂပူဇာစာစောင်"၊ ကျောက်တော်မြို့-မုနိမြေမဂ္ဂဇင်း၊

ဗွမြို့နယ်–ကျိန္တလီလယ်တီတောင်ပေါ်ကျောင်းပရိယတ္တိစာသင်တိုက် "ဂုဏာဝိသိဋ္ဌပူဇာစာစောင်"၊ သံတွဲမြို့–အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်၏ "နှစ်လည်ပို့စကတ်"များ၊ လက်ကမ်းစာစောင် (ဆောင်းပါး၊ စာညွန့်) အမျိုးမျိုး။ သံတွဲမြို့–ပုလဲရတနာပရိယတ္တိစာသင်တိုက်၏ "သုတဝေဖြာပုလဲရတနာစာစောင်"။ ။

## ပုံနှိပ်ပြီးစာအုပ်

၁။ သဇင်ပန်းတို့ လန်းရာမြေ။
[၅၉/ ၂၀၀၃(၁၁)]

# ရခိုင့်တစ်ဆယ့်နှစ်လ

| စဉ် | လ | မာသ | ရာသီ | နက္ခတ် | တာရာ | ရာသီရုပ် |
|---|---|---|---|---|---|---|
| ၁ | တာကူး | စိတ္တ | မိဿ | စိတြ | ဆံကျင် | ဆိတ် |
| ၂ | ကဆုန် | ဝေသာခ | ပြိဿ | ဝိသာခါ | တံငါ (ကေဝင်) | နွားလာဉသဘ |
| ၃ | နံယုန် | ဇေဋ္ဌ | မေထုန် | ဇေဋ္ဌ | | ကိန္နရီဖို–မ |
| ၄ | ဝါဆို | အာသာဠ | ကရကဋ် | ပြုဗ္ဗာသာဠ် | ဆင် | လယ်ပုစွန် (ကဏန်း) |
| ၅ | ဝါခေါင် | သာဝဏ | သိဟ် | သရဝဏ် | မြင်း | ခြသေ့် |
| ၆ | တော်သလင်း | ဘဒ္ဒပဒ | ကန် | ပြုဗ္ဗာဘဒြပိုဒ် | ဗျိုင်း | မိန်းမ |
| ၇ | ဝါကျွတ် | အဿယုဇ | တူ | အဿဝဏီ | ကျီး | ချိန်ခွင် |
| ၈ | တန်ဆောင်မုန်း | ကတ္တိက | ဗြိစ္ဆာ | ကြတ္တိကာ | | ကင်းပုစွန် (ကင်းမြီးကောက |
| ၉ | နတ်တော် | မာဂသိရ | ဓနု | မိဂသီ | ဟသာ် | လေးသမား |
| ၁၀ | ပြာသို | ဖုဿ | မကရ | ဖုသျှ | ပုစွန် | မကာရ်း |
| ၁၁ | တပို့တွဲ | မာဃ | ကုမ် | မာဃ | ချိန် | အိုးထမ်းယောကျ် |
| ၁၂ | တပေါင်း | ဖဂ္ဂုန | မိန် | ဥတ္တရာဘာရဂုဏီ | | ငါးကြင်းနှစ်ကော |

## ရာသီမှတ်ဖွယ်ဇယား

| | ရာသီပန်း | ရာသီပွဲတော် | နေ့ နာရီ | ည နာရီ | ဖဝါး | ရက်ရာဇာ | ပြဿဒါး |
|---|---|---|---|---|---|---|---|
| | ကံ့ကော် ရင်ခတ် | သင်္ကြန်ပွဲ ဆရာကန်တော့ပွဲ | ၃၀ | ၃၀ | ၃ | သောကြာ တနင်္လာ | စနေ ကြာသပတေး |
| | စံကား | ညောင်ရေသွန်းပွဲ | ၃၂ | ၂၈ | ၂ | စနေ ကြာသပတေး | သောကြာ ဗုဒ္ဓဟူး |
| | စံပယ် မြတ်လေး | ကိန္နရီ-ကိန္နရာပွဲ လယ်ထွန်မင်္ဂလာပွဲ | ၃၄ | ၂၆ | ၁ | အင်္ဂါ | တနင်္ဂနွေ တနင်္လာ |
| | ပုန်းညက် | ပဠင်းခံပွဲ ဝါဆိုပွဲ | ၃၆ | ၂၄ | သုည | တနင်္ဂနွေ ဗုဒ္ဓဟူး | အင်္ဂါ ရာဟု |
| | ခတ္တာ | စာရေးတံပွဲ | ၃၄ | ၂၆ | ၁ | ဗုဒ္ဓဟူး သောကြာ | စနေ ကြာသပတေး |
| | ရင်းမာ | လှေပြိုင်ပွဲ | ၃၂ | ၂၈ | ၂ | ကြာသပတေး စနေ | သောကြာ ဗုဒ္ဓဟူး |
| | ကြာ | မီးထွန်းပွဲ ပဝါရဏာပွဲ ဆရာကန်တော့ပွဲ | ၃၁ | ၃၁ | ၃ | အင်္ဂါ | တနင်္ဂနွေ တနင်္လာ |
| ၁်) | ခဝဲ မဲဇလီ | ကထိန်ပွဲ တန်ဆောင်တိုင်ပွဲ | ၂၈ | ၃၂ | ၄ | သောကြာ ဗုဒ္ဓဟူး | အင်္ဂါ ရာဟု |
| | သဇင် ဂမုန်း | ဆင်ပြိုင်ပွဲ သက်ကြီးပူဇော်ပွဲ | ၂၆ | ၃၄ | ၅ | တနင်္လာ ဗုဒ္ဓဟူး | စနေ ကြာသပတေး |
| | ခွာညို ခွာဖြူ | မြင်းခင်းပွဲ | ၂၄ | ၃၆ | ၆ | စနေ ကြာသပတေး | သောကြာ ဗုဒ္ဓဟူး |
| ား | ပေါက်ပလဲ | ရထားပွဲ ယာဂုပွဲ | ၂၆ | ၃၄ | ၅ | အင်္ဂါ ကြာသပတေး | တနင်္ဂနွေ တနင်္လာ |
| င် | အင်ကြင်း သရဖီ | သဲပုံစေတီပွဲ ဘုရားပွဲ | ၂၈ | ၃၂ | ၄ | စနေ ဗုဒ္ဓဟူး | အင်္ဂါ ရာဟု |





လူမျိုးတစ်မျိုးဖြစ်လာလျှင် ထိုလူမျိုး၌ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့သည်ရှိကြရ၏။ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ တို့သည်ထိုလူမျိုးတို့၏ "အသက်သွေးကြော" ပင်တည်း။ ယင်းအသက်သွေးကြောတို့ အမြဲရှင်သန်နေမှ ထိုလူမျိုးတို့ အသက်ရှင်နေသည်နှင့်တူ၏။ လူမျိုးတစ်မျိုး၌ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊အနုပညာတို့သေသွားမည်ဆိုလျှင် ထိုလူမျိုးတို့မှာလည်း သေသည်နှင့် မထူးတော့ချေ။ အသက်ရှင်နေသော်လည်း တန်ဖိုးမရှိဖြစ်တော့၏။